မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၁၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံသစ် ကမ္ဗည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ငါးလုပ်ငန်းအဖွဲ့ချုပ်အဆောက်အအုံသစ်ကမ္ဗည်းမော်ကွန်းဖွင့်လှစ်ပေး
နိုင်ငံတော်အကျိုးစီးပွား ကိုယ်စားပြုဆောင်ရွက်နိုင်ရေး ကြိုးစားအားထုတ်ရန်မှာကြား

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားနှင့် ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အဆောက်အအုံသစ် ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးပြီး ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားနှင့် နှစ်ပတ်လည် အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီးဗိုလ်မှူးချုပ် ပြည့်စုံ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ် အဆောက်အအုံသစ်ရှေ့ ဥပစာ၌ နေရာယူကြပြီး

စာမျက်နှာ ၉ ကော်လံ ၁ ●

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံသစ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

အိုင်စီတီနည်းပညာဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်၏ပံ့ပိုးမှုကိုရယူ ပညာရှင်များ တက်ကြွသည့်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံရေးကဏ္ဍ၌ တည်ငြိမ်အေးချမ်းသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီလူမှုအဆောက်အအုံ ဖြစ်ပေါ်လာစေရန်အတွက် မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

စီးပွားရေးကဏ္ဍတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် နိုင်ငံ၏စီးပွားရေးသည် အရှည်တည်တံ့ခိုင်မြဲသည့် တိုးတက်မှုများ ဖြစ်ထွန်းလာခဲ့သည်။ လူမှုရေးကဏ္ဍတွင်လည်း ကျန်းမာရေး၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများ၌ ထူးထူးခြားခြား အောင်မြင်တိုးတက်မှုများ ရရှိနေသည်ကို တွေ့မြင်နေရသည်။

ယင်းကဲ့သို့ အောင်မြင်ဖြစ်ထွန်းမှုများရရှိအောင် ဆောင်ရွက်ရာတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဟုခေါ်သည့် အိုင်စီတီသည် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အိုင်စီတီသည် နေ့စဉ်လူမှုဘဝတွင် မရှိမဖြစ်လိုအပ်ပြီး ပြည်သူတို့၏ဘဝကို တိုးတက်ပြောင်းလဲနိုင်သော ပညာရပ်တစ်ခုဖြစ်သည်။

စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ် ၂၀၀၅ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ၂၃ရက်နေ့က ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ၌ ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အမှာစကားပြောကြားရာ၌–

"အိုင်စီတီဟုခေါ်သည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသည် ကုန်ထုတ်လုပ်မှုနည်းစဉ် ပိုမိုအကျိုးရှိအောင်၊ ထုတ်လုပ်မှုတိုးမြင့်အောင်၊ ကုန်သွယ်မှုကျယ်ပြန့်လာအောင်နှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ပိုမို ကောင်းမွန်လာအောင် ပံ့ပိုးမှုများ များစွာ စွမ်းဆောင်ပေးနိုင်ကြောင်း၊ အိုင်စီတီသည် လူမှုဘဝကို အနာဂတ်တွင် ပိုမိုပြီး တင့်တယ်မြင့်မားလာအောင်လည်း ထောက်ကူပေးနိုင်စွမ်းရှိကြောင်း၊ အိုင်စီတီ၏ တိုးတက်သည့်နည်းပညာများသည် မြန်မာနိုင်ငံကို အမြန်ဆုံးတိုးတက်အောင် ပို့ဆောင်ပေးနိုင်မည့် အရေးပါသော အခွင့်အလမ်းများကို ဖန်တီးဖော်ဆောင် ပေးနိုင်စွမ်းရှိသည်ဟု ယုံကြည်ကြောင်း"

ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရာတွင် အစိုးရကဏ္ဍသာမက ပုဂ္ဂလိကကဏ္ဍမှ ကွန်ပျူတာပညာရှင်များ၊ ကွန်ပျူတာလုပ်ငန်းရှင်များနှင့် နိုင်ငံရပ်ခြားမှ မိတ်ဆွေများ၏ ပံ့ပိုးကူညီမှုများဖြင့် ဆောင်ရွက်လာခဲ့ရာ ယခုအခါ နည်းပညာများ လျင်မြန်စွာ တိုးတက်လာသည်ကို တွေ့ရသည်။

အိုင်စီတီဖွံ့ဖြိုးတိုးတက်မှုကို စီမံကိန်းဖြင့် စနစ်တကျ ဆောင်ရွက်ခဲ့ရာတွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေး ဥပဒေကို ၁၉၉၆ခုနှစ်တွင် စတင်ထုတ်ပြန်နိုင်ခဲ့ပြီး အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ကို ၂၀၀၀ပြည့်နှစ်၌ ဖွဲ့စည်းခဲ့သည်။ မြန်မာအိုင်စီတီပတ်ခ်ကို ၂၀၀၂ခုနှစ်တွင်လည်းကောင်း၊ မန္တလေးအိုင်စီတီပတ်ခ်ကို ၂၀၀၃ ခုနှစ်၌လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့သည်။

အိုင်စီတီပတ်ခ်များတွင် Broadband အင်တာနက်နည်းပညာ၊ လုံလောက်သည့် လျှပ်စစ်စွမ်းအားနှင့် အခြားစွမ်းအင်များ ပံ့ပိုးပေးနိုင်ခြင်းတို့ ပေါင်းစည်းပြီး အိုင်စီတီဖွံ့ဖြိုးမှုကို နိုင်ငံတကာ အဆင့်တစ်ရပ်သို့ ရောက်ရှိစေရန် စွမ်းဆောင်ပေးလျက် ရှိသည်။

နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံ၏ အိုင်စီတီ ဖွံ့ဖြိုးတိုးတက်စေရန် ပုဂ္ဂလိကနှင့် ပြည်သူများအတွက် ထိရောက်သည့်ပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နိုင်ငံသားများအပိုင်းကလည်း အိုင်စီတီဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်မြှင့်ပြီး ဆက်လက်ဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ အိုင်စီတီဖွံ့ဖြိုးတိုးတက်မှုကို တစ်မျိုးသားလုံး အတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်၏ ပံ့ပိုးကူညီမှု၊ ပုဂ္ဂလိကပညာရှင်များ၊ လုပ်ငန်းရှင်များ၏ တက်ကြွသည့်စိတ်ဓာတ်နှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများနှင့်အတူ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၅–၁–၂၀၀၅
(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် ရာမရကန် လူ့သဘာဝအဖွဲ့များ (တတိယနှစ်–မြန်မာစာအထူးပြု)
၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက်ချစ်တယ်"**(အပိုင်း–၃၈)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ မြန်မာ့ရှုခင်း
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နဲ့ ရန်နိုင်ဓား"** (အပိုင်း–၄၀)ဇာတ်သိမ်းပိုင်း

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ခရိုင်ချင်းဆက် မြေသားလမ်း ဖောက်လုပ်နေမှု စစ်ဆေးကြည့်ရှု

ရန်ကုန် ဇန်နဝါရီ ၂၄

ပဲခူးတိုင်း(အနောက်ပိုင်း)ခရိုင်ချင်းဆက်မြေသားလမ်း ဖောက်လုပ်မှုလုပ်ငန်းကို ဇန်နဝါရီ၁၂ရက်က အုတ်ဖိုမြို့နယ် ဝိုင်းကျေးရွာအနီးခရိုင်ချင်းဆက်မြေသားလမ်းဖောက်လုပ်လျက်ရှိသည်။

အဆိုပါလမ်းအား စက်ယန္တရားများဖြင့် ဖောက်လုပ်နေမှုလုပ်ငန်းခွင်သို့ ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ဇန်နဝါရီ ၁၃ရက်က ကြို့ပင်ကောက်မြို့နယ်အပိုင်း၊ ဇီးကုန်းမြို့နယ်အပိုင်းရှိ ခရိုင်ချင်းဆက် မြေသားလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်း ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

လက်ခံ

အမှတ်(၇၈)၊ ၁၈ လမ်း လသာမြို့နယ်နေ ဒေါ်ခင်ရီမိသားစုက ဒေါ်ခင်ရီ၏ (၆၆) နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် အလှူငွေကျပ် တစ်သိန်းကို ဒီဇင်ဘာ ၁၂ ရက်က လှူဒါန်းရာ ဆေးရုံဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက လက်ခံယူစဉ်။ (က–ပ)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးအလှူရှင်များ ရေစက်ချမင်္ဂလာနှင့် ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်မြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပြည်တွင်းပြည်ပမှ လှူဒါန်းကြသော ပဒေသာပင်အလှူရှင်များ၏ (၃၄)ကြိမ်မြောက် ရေစက်ချ မင်္ဂလာနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ၂နာရီခွဲက ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ဝေဇယန္တာဆောင် ရှစ်ထပ်အဆောက်အအုံ၌ ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ပဓာန နာယကအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင်က အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ တင်ပြလျှောက်ထားပြီး ဆရာတော် သံဃာတော်များအား အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ရေစက်ချအမျှဝေ

ထို့နောက် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်ထံမှ ပရိသတ်များက သာဓုအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထုတ်လုပ်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် လျာထားချက်များ ပြည့်မီကျော်လွန်ရေးဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၄

အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ စက်ရုံအထွေထွေမန်နေဂျာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်စောလွင် **(အပေါ်ပုံ)**က အဖွင့်အမှာစကား ပြောကြားရာတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် စက်မှုကဏ္ဍအပိုင်း၌ အဓိကအပိုင်းမှ ပါဝင်လျက်ရှိကြောင်း၊ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ် လျာထားချက်များပြည့်မီရေးအတွက် ထုတ်လုပ်မှု လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် မကုန်သင့်သည်များ၌ ကုန်ကျမှုမရှိစေရေးအတွက် ခြိုးခြံချွေတာကြရန် အထူးမှာကြားလိုကြောင်းဖြင့် ပြောကြားပြီး ၂၀၀၄ ခုနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ အားသာချက်များ၊ အားနည်းချက်များကို ဦးစီးဌာန လုပ်ငန်းတစ်ခုချင်းအလိုက် သုံးသပ်ပြီး ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ် ကျန်ရှိသည့် ကာလများအတွက် ထုတ်လုပ်မှုလျာထားချက်များ ပြည့်မီကျော်လွန်ရေး ကြိုးစားဆောင်ရွက်ရန် လိုကြောင်းဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က စက်ရုံများ၏ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ် ထုတ်လုပ်မှု၊ ရောင်းချမှု လျာထားချက်များပြည့်မီရေးအတွက် ဆောင်ရွက်ရန်များကို တင်ပြသည်။

ထို့နောက် မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်က ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်၊ ကုန်ထုတ်လုပ်မှုလျာထားချက်များ ပြည့်မီရေး လိုအပ်ချက်များကို လည်းကောင်း၊ ဦးဆောင်ညွှန်ကြားရေးမှူး များက ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ကုန်ထုတ်လုပ်မှု လျာထားချက်ပြည့်မီရေးအတွက်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဂုဏ်ပြုချီးမြှင့်

ဆက်လက်၍ ဌာန၊လုပ်ငန်းများ၏ ထုတ်လုပ်မှုလုပ်ငန်းများအတွက် ဂုဏ်ပြုချီးမြှင့် ထောက်ပံ့ငွေများကို ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ပေးအပ်ချီးမြှင့်ရာသက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများကလည်းကောင်း၊ စက်ရုံများ၏ ထုတ်လုပ်မှု လုပ်ငန်းများအတွက် ဂုဏ်ပြုချီးမြှင့် ထောက်ပံ့ငွေများကို ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်တို့က ပေးအပ်ချီးမြှင့်ကြရာ စက်ရုံ အထွေထွေမန်နေဂျာများက လည်းကောင်း လက်ခံကြသည်။

နိဂုံးချုပ်အမှာစကားပြောကြား

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်စောလွင်က နိဂုံးချုပ် အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
* ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ပြည်ပအဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

စိုက်ပျိုးရေးနှင့်မွေးမြူရေး စီးပွားဖြစ်ကြိုးပမ်းဆောင်ရွက် ပြည်သူချစ်သောပြည်သူ့ဝန်ထမ်းများဖြစ်အောင်ပြုမူနေထိုင်

ရန်ကုန် ဇန်နဝါရီ ၂၄

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ ဒုတိယရဲချုပ် ဗိုလ်မှူးကြီးဇော်ဝင်း၊ ရဲထောက်ချုပ် ရဲမှူးချုပ် ဝင်းစိုးနှင့် ဦးစီးအရာရှိများလိုက်ပါလျက် ဇန်နဝါရီ ၂၃ ရက် နံနက် ၇ နာရီခွဲမှစ၍ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အုန်းနဲ့ကျေးရွာရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပဲစိုက်ခင်းများအား လှည့်လည်ကြည့်ရှုသည်။

ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် သုံးခွမြို့နယ် ရဲစခန်းအားကြည့်ရှုစစ်ဆေးပြီး ကျောက်တန်းမြို့နယ်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အမှတ်(၉)ဘဝသစ်စိုက်ပျိုးထုတ်လုပ်မှုစခန်းအား ဆက်လက် ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် ကုန်ထုတ်စွမ်းအားမြှင့်တင်ရေး၊ အလေအလွင့်နည်းပါးရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို စီးပွားဖြစ် အကျိုးဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ရှင်းလင်းမှာကြား

ထို့နောက် ဝန်ကြီးသည် ကျောက်တန်းမြို့နယ် တံတားမြို့ရဲစခန်းအား ကြည့်ရှုစစ်ဆေး၍ တံတားမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားလည်းကောင်း၊ သုံးခွမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမတွင် သုံးခွမြို့နယ်ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများအားလည်းကောင်း တွေ့ဆုံအမှာစကားပြောကြားရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးဖြင့် ကိုယ်ပိုင်ဝင်ငွေရရှိရေး၊ ဌာနအလိုက် သတ်မှတ်ထားသည့် ရည်မှန်းချက် တာဝန်များကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရေး၊ ပြည်သူချစ်သော ပြည်သူ့ဝန်ထမ်းများဖြစ်အောင် ရိုးရိုးသားသား ပြုမူနေထိုင်၍ ကျရာတာဝန်ကို ကြိုးကြိုးစားစား ဆောင်ရွက်ကြရန် တို့ကို အကျယ်တဝင့်ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၂၄

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲများမစတင်မီ ဒဂုံဆိပ်ကမ်းမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် သာကေတမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူလေးများပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြဂုဏ်ပြုဖျော်ဖြေကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ဆက်လက်ကျင်းပရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းတပ်ခွဲ(၁)၊ တပ်မတော်နည်းပညာတက္ကသိုလ် ကိုယ်စားပြုစစ်တီးဝိုင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)နှင့် အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းများ ယှဉ်ပြိုင်ကြသည်။

တီးမှုတ်ယှဉ်ပြိုင်

ထိုသို့ယှဉ်ပြိုင်ရာတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)က ပြည်သူ့သားကောင်း၊ ရဲသွေးရဲမာန်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော်စစ်ချီတေးများဖြင့်လည်းကောင်း၊ တပ်မတော်နည်းပညာ တက္ကသိုလ်ကိုယ်စားပြု စစ်တီးဝိုင်းက စံပြဒို့တပ်မတော်၊ ဒို့စစ်သည်၊ ပြည်သူ့သားစစ်သည် စစ်ချီတေးများဖြင့်လည်းကောင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၁)က ဒို့စစ်သား၊ ရဲသွေးရဲမာန်၊ ဒို့စစ်သည် စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ရဲသွေးရဲမာန်၊ ဒို့စစ်သည်၊ ဘာမထီအာဇာနည် စစ်ချီတေးများဖြင့်လည်းကောင်း သရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ဆက်လက်၍ (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက အလှသရုပ်ပြဖျော်ဖြေကြသည့် ဒဂုံဆိပ်ကမ်းမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် သာကေတမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့မှ ဘင်ခရာအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့်(၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲသို့ ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ အမှတ်ပေးအကဲဖြတ်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တပ်မတော် (ကြည်း၊ရေ၊လေ)အရာရှိ၊စစ်သည်များနှင့် မိသားစုဝင်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၄

တောင်ဥက္ကလာပမြို့နယ် (၃) ရပ်ကွက် ဝေဇယန္တာဓမ္မာရုံ ဝါတွင်းအင်္ဂါပတ် ဆွမ်းလောင်းအသင်းက ကြီးမှူး၍ အထူးတရားပွဲကို ဝေဇယန္တာ ဓမ္မာရုံကြီးတွင် ဇန်နဝါရီ ၂၇ ရက်၊ ၂၈ရက်နှင့် ၂၉ ရက်များတွင် ညစဉ် ၆နာရီခွဲမှစတင်၍ ဆရာတော်အရှင်ခေမိန္ဒ (စစ်ကိုင်း) ခေမကန်တိုက် (တောင်ဒဂုံ)၊ ဆရာတော် ဘဒ္ဒန္တ နန္ဒသာမိ အဂ္ဂမဟာပဏ္ဍိတ (ကန်ဦး ဇေတဝန်-ရမိုင်)၊ ဆရာတော်အရှင် ဆန္ဒာဓိက(ရွှေပါရမီတောရ)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

လှိုင်သာယာမြို့နယ် (၁၅)ရပ်ကွက် မဉ္ဇူလမ်း အမှတ် ၁၀၄၇ နေ ဦးဘန်ကြူးနှင့် ဇနီး (ဒေါ်တင်သောင်း)မိသားစုက အင်းစိန်မြို့ စိန်ရတနာနာရေးကူညီမှုအသင်းသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြသင်းနှင့် အမှုဆောင်များက လက်ခံယူစဉ်။ (က-ပ)

ထိုင်း-သြစတြေးလျ လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ် ထိုင်းပို့ကုန်လုပ်ငန်းရှင် ၂၀၀ကျော် အကျိုးအမြတ်ရရှိ

ဗန်ကောက် ဇန်နဝါရီ ၂၃

လွန်ခဲ့သည့်သုံးပတ်၌ စတင်အကျိုးသက်ရောက်မှုရှိခဲ့သော ထိုင်း-သြစတြေးလျ လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ်(အက်ဖ်တီအေ) ၏ အထူးအခွင့်အရေးအကျိုးအမြတ်ကို ထိုင်းပို့ကုန်လုပ်ငန်းရှင် ၂၀၀ကျော် ရရှိခံစားရကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိများက ပြောကြားသည်။

ပြည်တွင်းပို့ကုန် လုပ်ငန်းရှင်၂၀၀ ကျော်သည် ထိုင်း-သြစတြေးလျ အက်ဖ်တီအေ၏အသေးစိတ်အချက်အလက်များကို အစိုးရရုံး၌ စုံစမ်းမေးမြန်းထားပြီဖြစ်ကြောင်း ကုန်သွယ်ရေး အဆင့်မြင့်အရာရှိ အပီရာဒီတန် တရာပွန်က ပြောကြားသည်။

ကားပစ္စည်း အစိတ်အပိုင်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လေအေးစက်များ၊ ပင်လယ်စာ စည်သွပ်ဘူးများ၊ ပရိဘောဂများနှင့်ကြွေထည်ပစ္စည်း တင်ပို့ရောင်းချသော ထိုင်းပို့ကုန်လုပ်ငန်းရှင်များသည် အက်ဖ်တီအေ အကျိုးအမြတ်ရရှိကြကြောင်း အပီရာဒီက ပြောကြားသည်။ ထိုကာလအတွင်း သြစတြေးလျမှ သွင်းကုန်ပစ္စည်းများမှာ အများစုအားဖြင့် ဂျုံ၊အလူမီနီယံ၊ ချယ်ရီ၊ မုယောနှင့် မာဂျရင်းတို့ ဖြစ်ကြပြီး တန်ဖိုးအားဖြင့် ဘတ်ငွေ၆ခြောက်သန်းဖိုးဖြစ်သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ စာအုပ်ပြပွဲတစ်ရပ် ခင်းကျင်းပြသထားသည်ကို ဇန်နဝါရီ ၂၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မလေးရှားနှင့် တောင်ကိုရီးယားကုမ္ပဏီ မယ်လမင်းစက်ရုံ မလေးရှား၌ ဖက်စပ်ထူထောင်မည်

ကွာလာလမ်ပူ ဇန်နဝါရီ ၂၂

မလေးရှားအမျိုးသားရေနံကုမ္ပဏီနှင့် တောင်ကိုရီးယား ကော်ပိုရေးရှင်းတစ်ခုသည် ရင်းဂစ်သန်း ၁၅၀ရင်းနှီးမြှုပ်နှံကြကာ မလေးရှားနိုင်ငံ၏ ပထမဆုံး မယ်လမင်း စက်ရုံတစ်ရုံကို ဖက်စပ်ထူထောင်သွားကြမည်ဖြစ်ကြောင်း အဆိုပါ ရေနံကုမ္ပဏီက ပြောကြားသည်။

အသုံးပြု

မယ်လမင်းသည် ယူရီးယားမှ ထုတ်လုပ်ထားသော အော်ဂင်းနစ် ဓာတုဗေဒ ထုတ်ကုန်တစ်ခုဖြစ်ပြီး သုတ်ဆေး၊ ကော်၊ ရေခံပျဉ်ချပ်နှင့် အထပ်သားကဲ့သို့သော ထုတ်ကုန်များအတွက် အဓိကအားဖြင့် အသုံးပြုသည်။ မလေးရှား ပီထရိုနပ်စ်နှင့် တောင်ကိုရီးယားနမ်ဟီး ဓာတုဗေဒ ကော်ပိုရေးရှင်းတို့သည် ဘော်နီယိုကျွန်း ဆာရာဝပ်အရှေ့ပိုင်း၌ အဆိုပါ မယ်လမင်းစက်ရုံထူထောင်ရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ပီထရိုနပ်စ်၏ ကြေညာချက်၌ ဖော်ပြထားသည်။

သဘောတူညီချက်အရ ကုမ္ပဏီနှစ်ခုလုံးသည် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တောင်ဘက်ရှိ နမ်ဟီးမယ်လမင်းစက်ရုံကို ဆာရာဝပ်သို့ ပြောင်းရွှေ့ရန် ရင်းဂစ်သန်း ၁၅၀ (အမေရိကန်ဒေါ်လာသန်း ၄၀) ရင်းနှီးမြှုပ်နှံကြမည်ဖြစ်သည်။ အဆိုပါ မယ်လမင်းစက်ရုံသည် လာမည့်နှစ်စောစောပိုင်းတွင် လည်ပတ်နိုင်မည်ဟု မျှော်လင့်ရကြောင်း၊ တစ်နှစ်လျှင် မယ်လမင်း မက်ထရစ် တန်ချိန် ၁၅၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ပီထရိုနပ်စ်က ပြောကြားသည်။

အမ်အင်အေ၊အေပီ

အိန္ဒိယနှင့် မလေးရှားနိုင်ငံတို့ အိုင်တီကဏ္ဍပူးပေါင်းဆောင်ရွက်မည်

ကွာလာလမ်ပူ ဇန်နဝါရီ ၂၂

အိန္ဒိယနှင့် မလေးရှားနိုင်ငံတို့သည် ဒေသတွင်း သဘာဝပေါင်းဖော်ဖက်များဆိုင်ရာ နယူးဒေလီကြေညာချက်နှင့်အတူ ပြန်ကြားရေးနည်းပညာကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်ကြရန် ကြာသပတေးနေ့က တိုက်တွန်းပြောကြားလိုက်သည်။

တောင့်တင်း

မိမိတို့သည် သဘာဝပေါင်းဖော်ဖက်များဖြစ်ကြကြောင်း၊ မိမိတို့သည် ဆော့ဖ်ဝဲလ်တွင် အင်အားတောင့်တင်းကြောင်း၊ အခြားဟတ်ဝဲလ်များတွင်လည်း အင်အားတောင့်တင်းကြောင်း မလေးရှားသို့ အလည်အပတ်ရောက်ရှိနေသော အိုင်တီဝန်ကြီးဒါရာနီဟီက မလေးရှားစွမ်းအင်၊ ရေနှင့်ဆက်သွယ်ရေးဝန်ကြီးလင်ကင်းအား ပြောကြားသည်။

နှစ်နိုင်ငံဝန်ကြီးများသည် ဆက်သွယ်ရေးနည်းပညာကဏ္ဍနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ ဟတ်ဝဲလ်တွင် အင်အားတောင့်တင်းသော မလေးရှားသည် ဆော့ဖ်ဝဲလ်ကဏ္ဍများတွင်အိန္ဒိယနှင့် ပူးပေါင်းဆောင်ရွက်ရန် စိတ်အားထက်သန်လျက်ရှိသည်။

အမ်အင်အေ၊ပီတီအိုင်

အာချေးမှ လူ ၁၀၀ ဆရာဖြစ် သင်တန်းပေးမည်

ဆန်ဖေးပက်တာနီ ဇန်နဝါရီ ၂၃

မလေးရှားနိုင်ငံသည် အာချေးဒေသမှ နောက်ထပ် လူ ၁၀၀ကို ဆရာဖြစ်သင်တန်း သင်ကြား ပေးမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီး ဒါတွတ်ဆီရီဟီရှမ်မူဒင်တွန်ဟူစိန်က တနင်္ဂနွေနေ့၌ ပြောကြားသည်။

အာချေးဒေသ အုပ်ချုပ်ရေးမှူးက အာချေးပြည်နယ်မှ နောက်ထပ်ဆရာများကို လေ့ကျင့် သင်ကြားပေးရန် မလေးရှားနိုင်ငံအား အကူအညီတောင်းခံခဲ့ရာ ဝန်ကြီးချုပ်ဒါတွတ်ဆီရီ အဗ္ဗဒူလာအာမက်ဘာဒါဝီက သဘောတူခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အာချေးဒေသမှ ဆရာ၊ ဆရာမများကို မလေးရှားနိုင်ငံက လေ့ကျင့် သင်ကြားပေးထားပြီးဖြစ်ပြီး မကြာသေးမီက သဘာဝဘေး အန္တရာယ်ဒဏ်ကို အာချေးဒေသသည် အပြင်းထန်ဆုံး ခံစားခဲ့ရကာ သေဆုံးသူများထဲတွင် ဆရာ ဆရာမများလည်း ပါသွားခဲ့ကြသည်။ **(အင်တာနက်)**

အီရန်၏နျူကလီးယား ကမ္ဘာကိုခြိမ်းခြောက်သည်ဆိုမှု အမေရိကန်က အထောက်အထားပြရမည်ဟု မလေးရှား ပြောကြား

ကွာလာလမ်ပူ ဇန်နဝါရီ ၂၂

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်သည် ခြိမ်းခြောက်မှုဖြစ်သည်ဟု အမေရိကန်ပြည်ထောင်စု၏ အခိုင်အမာပြောဆိုချက်ကို မငြင်းနိုင်လောက်သော သက်သေအထောက်အထားဖြင့် အမေရိကန်ပြည်ထောင်စုက ပြရမည်ဖြစ်ကြောင်း မလေးရှားဒုတိယဝန်ကြီးချုပ်က စနေနေ့၌ပြောကြားလိုက်သည်။

အီရန်နိုင်ငံသည် ကမ္ဘာကြီးအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်သည် ဆိုခြင်းကို ယခုအခြေအနေ၌ မည်သူတစ်ဦးတစ်ယောက်ကမျှ သဘောပေါက်သည်ဟု မိမိမထင်ကြောင်း ဒုတိယဝန်ကြီးချုပ်နာဂျစ်ရာဇက်က ပြောကြားသည်ဟု ဘာနာမာသတင်းဌာနက ကိုးကားဖော်ပြသည်။

အခြေခံ

ကမ္ဘာကလိုလားသည်မှာ အီရန်နိုင်ငံသည် ကမ္ဘာအတွက်ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်ဆိုသော မငြင်းနိုင်လောက်သည့် သက်သေအထောက်အထားဖြစ်ကြောင်း ၎င်းကပြောကြားသည်။အီရန်နိုင်ငံအပေါ် တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ချက်သည် နိုင်ငံတကာဆိုင်ရာ ဥပဒေနှင့်ကုလသမဂ္ဂ ပဋိညာဉ်အပေါ် အခြေခံရမည်ဟု နာဂျစ်ကပြောဆိုသည်။

ပြောဆို

အီရန်နိုင်ငံ၏ နျူကလီးယားအဆောက်အအုံများကို စစ်ရေးအရ အသုံးပြုမည့်ဖြစ်နိုင်ခြေအလားအလာကို မိမိ၏အစိုးရအဖွဲ့က ငြင်းပယ်မည် မဟုတ်ကြောင်း အင်ဘီစီရုပ်မြင်သံကြားသို့ သမ္မတဂျော့ဒဗလျူဘုရှ်က တနင်္လာနေ့၌ ပြောကြားခဲ့သည်။ အီရန်နိုင်ငံကမူ ယင်း၏နျူကလီးယားအစီအစဉ်သည် စွမ်းအင်ထုတ်လုပ်ရေးအတွက် ဖြစ်ကြောင်းပြောဆိုသည်။ **(အင်တာနက်)**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဆက်သွယ်ရေး ကုမ္ပဏီတစ်ခုက တီထွင်ထုတ် လုပ်ထားသည့် မိုဘိုင်းလ်ဖုန်းများနှင့် ပတ်သက်၍ ကုမ္ပဏီတာဝန်ရှိသူများက ရှင်းလင်း ပြောကြားနေသည်ကို ဇန်နဝါရီ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကျေးငှက်ပွဲတော် နီပေါနိုင်ငံတွင် ကျင်းပမည်

ခတ္တမန္ဒူ ဇန်နဝါရီ ၂၃

နီပေါနိုင်ငံအနေဖြင့် ဇီဝခရီးသွားလုပ်ငန်းသစ် တစ်ရပ်ပြုလုပ်ရေး မျှော်မှန်းချက်အရ နီပေါနိုင်ငံအရှေ့ဘက်ပိုင်းဒေသရှိ နိုင်ငံ၏အကြီးမားဆုံး စိမ့်မြေအရပ်တွင် ကျေးငှက်သာရကာပွဲတော်တစ်ခုကို ကျင်းပမည်ဖြစ်ကြောင်း နီပေါနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့(အင်တီဘီ)က ခတ္တမန္ဒူမြို့တွင် သောကြာနေ့က ပြောကြားသည်။

နီပေါနိုင်ငံရှိ ကိုရှီတာပူအရပ်သည် သဘာဝအရင်းအမြစ်များပေါကြွယ်ဝသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် ယင်းနေရာကို ဖော်ထုတ်သုံးစွဲရမည်ဖြစ်ကြောင်း အင်တီဘီအဖွဲ့မှညွှန်ကြားရေးမှူး တစ်ဦးဖြစ်သူ ဆပ်ပဟက်နီရိုလာက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

အဆိုပါကျေးငှက်သာရကာပွဲတော်သည် ပဋ္ဌမကြိမ်မြောက် ကျေးငှက်သာရကာပွဲတော်ဖြစ်ပြီး လာမည့်ဖေဖော်ဝါရီ ၂ ရက်မှ ၆ရက်အတွင်း ပြုလုပ်မည်ဖြစ်ရာ ရာသီအလိုက်ပြောင်းရွှေ့နေတတ်သော ကျေးငှက်များ၏အထောက်အကူလည်း ရရှိမည်ဖြစ်သည်။

ယင်းကဲ့သို့ ကျေးငှက်သာရကာပွဲတော်ပြုလုပ်ခြင်းမှာ နီပေါနိုင်ငံ၏ ဇီဝခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် အထောက်အကူများစွာပေးမည်ဖြစ်ကြောင်း အင်တီဘီညွှန်ကြားရေးမှူး နီရိုလာကပြောကြားသည်။

နီပေါနိုင်ငံ၏ ကိုရှီတာပူဒေသသည် တောရိုင်းတိရစ္ဆာန်များအတွက် သီးသန့်နေရာအဖြစ်ပြီးခဲ့သည့် ၁၉၇၆ ခုနှစ်က စတင်တည်ထောင်ပေးခဲ့ပြီး ဧရိယာအကျယ်အဝန်းမှာ ၁၇၅စတုရန်းကီလိုမီတာရှိကြောင်း သိရသည်။ အဆိုပါဒေသသည် နီပေါနိုင်ငံ၏အကြီးမားဆုံးမြစ်တစ်ခုဖြစ်သည့် ကိုရှီမြစ်ကိုအစွဲပြု ပြီးနာမည်ပေးထားခြင်းဖြစ်ကာ ယင်းဒေသ၌ ကျေးငှက်မျိုးစိတ်ပေါင်း ၄၆၅မျိုးနှင့် ကမ္ဘာပေါ်တွင်မျိုးတုံးပျောက်ကွယ်တော့မည့် ကျေးငှက်မျိုးစိတ်၁၇မျိုးခန့်ရှိကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာ့ဘေးအန္တရာယ်လျော့ပါးရေး ညီလာခံကျင်းပပြီးစီး ဟိုဂိုကြေညာချက်နှင့် လုပ်ငန်းဆောင်ရွက်မှု မူဘောင်ပြဋ္ဌာန်း

ကိုဘေး ဇန်နဝါရီ ၂၃

ဘေးဒုက္ခအန္တရာယ် လျော့ပါးရေးဆိုင်ရာ ကမ္ဘာ့ညီလာခံသည် ဟိုဂိုကြေညာချက်နှင့် ၂၀၀၅–၂၀၁၅လုပ်ငန်းဆောင်ရွက်မှု ဟိုဂိုအခြေခံမူဘောင်ကို ပြဋ္ဌာန်းကာ ကိုဘေးမြို့၌ စနေနေ့က ကျင်းပပြီးစီးခဲ့သည်။

အဆိုပါညီလာခံသို့ တက်ရောက်ကြသူများသည် မကြာမီက အိန္ဒိယသမုဒ္ဒရာတွင်း၌ ဖြစ်ပေါ်ခဲ့သော ဘေးဒုက္ခအန္တရာယ်ကို အလေးထား ဆွေးနွေးခဲ့ကြပြီး အိန္ဒိယသမုဒ္ဒရာဒေသအတွင်း၌ ကြိုတင်သတိပေးစနစ် ထူထောင်ရေးကို တွန်းအားပေးလုပ်ဆောင်ကြရန် သဘောတူခဲ့ကြသည်။

ယင်းညီလာခံသည် လာမည့် ၁၀ နှစ်တာ ကာလအတွင်း ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများလျော့နည်းစေရန်၊ ကျောင်းများနှင့် ဆေးရုံများကို ဘေးအန္တရာယ် ခံနိုင်အောင် တည်ဆောက်ကြရန် ရည်ရွယ်ပြီး ကျင်းပခဲ့ခြင်းဖြစ်သည်ဟု လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် ဂျန်အင်္ဂလန်းက ပြောကြားသည်။

ဖော်ပြ

လာမည့်၁၀နှစ်အတွင်း မျှော်လင့်ထားသော အကျိုးရလဒ်သည် ဘေးအန္တရာယ်ကြောင့် အသက်များဆုံးရှုံးရမှုနှင့်လူမှုရေး၊စီးပွားရေးအပြင် လူ့အဖွဲ့အစည်းများနှင့် နိုင်ငံများ၏ ပတ်ဝန်းကျင် အဖိုးတန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု သိသိသာသာ လျော့နည်းရေးပင်ဖြစ်သည် ဟုလုပ်ငန်းဆောင်ရွက်မှုမူဘောင်၌ ဖော်ပြထားသည်။

အင်္ဂါနေ့၌ စတင်ခဲ့သည့် ယင်းညီလာခံသို့ နိုင်ငံများ၊ ဒေသများနှင့် အဖွဲ့အစည်း ၁၅၀ခန့်မှ လူ၄၀၀၀ကျော် တက်ရောက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

စမ်းသပ်

စင်ကာပူနိုင်ငံရှိ ဆေးကုမ္ပဏီတစ်ခုမှ တီထွင်ထုတ်လုပ်ထားသော သွေးတိုးတိုင်း ကိရိယာတစ်ခုဖြင့် ဝန်ထမ်းတစ်ဦးက စမ်းသပ်မှုပြုလုပ်နေသည်ကို ဇန်နဝါရီ ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တောင်အာဖရိကသို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသွားများ လာမည့်နှစ်များအတွင်း ပိုမိုတိုးမြင့်လာရန် အလားအလာရှိ

ဂျိုဟန်နစ္စဘတ် ဇန်နဝါရီ ၂၃

ကမ္ဘာ့စီးပွားရေးသည် ဆက်လက်တိုးတက်ဖွံ့ဖြိုးလျက်ရှိချိန်တွင် လာမည့် ငါးနှစ်အတွင်း၌ တောင်အာဖရိကနိုင်ငံသည် နှစ်စဉ်ကမ္ဘာလှည့် ခရီးသွားဦးရေကို လက်ရှိ ၆ ဒသမ ၅ သန်းမှ ၁၀ဒသမ ၅သန်းသို့ တိုးမြှင့်လာရန် အလားအလာရှိကြောင်း တောင်အာဖရိကနိုင်ငံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဈေးကွက်ရှာဖွေရေးအကြီးအကဲက ပြောကြားလိုက်သည်။

ခန့်မှန်း

လာမည့်နှစ်၌ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၄ ဒသမ ၃ရာခိုင်နှုန်း ရှိမည်ဟု နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းခြင်းသည် ခရီးသွားလာမှု၌ ငွေကြေးပိုမိုသုံးစွဲနိုင်သော လူများပိုမိုလာမည့် သဘောအဓိပ္ပာယ်ပင်ဖြစ်ကြောင်း တောင်အာဖရိကခရီးသွားလုပ်ငန်းဌာန အမှုဆောင်အရာရှိချုပ် မိုကက်စီမိုဆိုလာက ပြောကြားသည်။

ကမ္ဘာတစ်ဝန်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လမ်းကြောင်းသည် အခက်အခဲရှိသော သုံးနှစ်ကာလနောက်ပိုင်း ပုံမှန်အနေအထားသို့ ပြန်ရောက်လာကြောင်း မိုဆိုလာ၏ ပြောဆိုချက်ကို သောကြာနေ့ထုတ် ဘစ္စနက်ဒေးသတင်းစာ၌ ကိုးကားဖော်ပြခဲ့သည်။

ဖော်ပြ

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတိုးတက်မှုသည် ပြီးခဲ့သည့်နှစ် ပထမကိုးလတွင် ၁၂ ရာခိုင်နှုန်း ရှိခဲ့ချိန်၌ တောင်အာဖရိကနိုင်ငံသည် နိုင်ငံတကာဆိုင်ရာ ခရီးသွားလာသည့် နိုင်ငံအဖြစ် ၁ဒသမ ၇ရာခိုင်နှုန်းသာ တိုးတက်ခဲ့သည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့၏ ကိန်းဂဏန်းများ၌ ဖော်ပြထားသည်။

ပြောကြား

အခြားဒေသများနှင့် နှိုင်းယှဉ်ရာတွင် အာရှတိုက်သို့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆောင်ရွက်မှုသည် ကမ္ဘာ့အဆင့်၌ ၃၇ရာခိုင်နှုန်းတိုးတက်ခဲ့သော်လည်း တောင်အာဖရိကသို့ အာရှမှ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဆောင်ရွက်မှုသည် ၆ရာခိုင်နှုန်းသာ တိုးတက်ခဲ့ကြောင်း မိုဆိုလာက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ပြန်ကြားရေးနည်းပညာပြပွဲ ဇင်ဘာဘွေ၌ ကျင်းပမည်

ဟာရာရေး ဇန်နဝါရီ ၂၃

ဇင်ဘာဘွေနိုင်ငံသည် ရှေ့လစောစောပိုင်းတွင် ပြန်ကြားရေးနည်းပညာ(အိုင်တီ)ပြပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။ ပြည်တွင်းဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာ ကုမ္ပဏီ ၂၀ကျော်ပါဝင်ပြသကြမည်ဖြစ်ကြောင်းသည်ဟာရယ်သတင်းစာက ကြာသပတေးနေ့၌ သတင်းဖော်ပြသည်။

ဖေဖော်ဝါရီ၃ ရက်၌ တစ်ရက်မျှကျင်းပမည့် ယင်းပြပွဲသည် ခေတ်အမီဆုံး အဆင့်မြင့်နည်းပညာပစ္စည်းများကို ထုတ်ဖော်ပြသရန် ရည်ရွယ်ကျင်းပ ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ထိုင်းသို့ ခရီးသွားများ ပြန်လည်လာရောက်စေရန် သတင်းစာဆရာများအား ဖိတ်ခေါ် ပြသမည်

ဗန်ကောက် ဇန်နဝါရီ ၂၃

ထိုင်းလေကြောင်း ကုမ္ပဏီလီမိတက်သည် ထိုင်းနိုင်ငံတောင်ပိုင်း အန်ဒမန်ဒေသ၌ ခရီးသွားများပြန်လည် လာရောက်စေရန် ကြိုးပမ်းဆောင်ရွက်မှု အသစ် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

ယင်းကြိုးပမ်းချက် အသစ်အရ ထိုင်းအလံလွှင့်ထူထားသော လေယာဉ်သည် ထိုင်းနိုင်ငံ၏ အဓိကခရီးသွားဈေးကွက်များမှ နိုင်ငံခြားသတင်းစာဆရာအနည်းဆုံး ၁၀၀၀ ခန့်ကိုအန်ဒမန်ဒေသသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်မည် ဖြစ်ကြောင်း၊ ဖူးကက်၊ ခရာဘီ၊ ထရန်၊ ရနောင်း၊ ဆာတန်ပြည်နယ်များသည် အန်ဒမန်ဒေသဖြစ်ကြောင်းအဆိုပါလေကြောင်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ကာနော့ခ်အက်ဟီရာဒီး၏ ပြောကြားချက်ကို ထိုင်းသတင်းဌာနက ကြာသပတေးနေ့က ကိုးကား ဖော်ပြသည်။

အဆိုပါနိုင်ငံခြားသား သတင်းစာဆရာများသည် ယင်းဒေသများသို့ ခရီးသွားများလာရောက်ရာနေရာအများအပြားကို ယင်းတို့ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ လေ့လာနိုင်ကြမည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်လူမျိုး စားစာခံရှစ်ဦးလွှတ်မြောက်လာ အီရတ်ရှိ တရုတ်သံရုံးအတည်ပြုပြောကြား

ဘဂ္ဂဒက် ဇန်နဝါရီ ၂၃

အီရတ်ပြောက်ကျားတို့၏ ဖမ်းဆီးခြင်းခံထားရသော တရုတ်လူမျိုး ဓားစာခံရှစ်ဦး လွတ်မြောက်လာကြောင်း အီရတ်ရှိ တရုတ်သံရုံးက စနေနေ့၌ အတည်ပြု ပြောကြားသည်။

အီရတ်နှင့် တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအဖြစ် တရုတ်လူမျိုး ရှစ်ဦးကို လွှတ်ပေးရန် အစ္စလမ္မစ်တော်လှန်ရေးလှုပ်ရှားမှုအဖွဲ့ကဆုံးဖြတ်ခဲ့ကြောင်း အယ်လ်အာရေဗျ ရုပ်မြင်သံကြားက ဗီဒီယိုတိပ်ခွေသတင်းကို ထုတ်လွှင့်ခဲ့သည်။

နာကျင်မှုမရှိ

၎င်းတို့အား ဖမ်းထားစဉ်ကာလအတွင်း ထိခိုက်နာကျင်မှုမရှိသည့်ပြင် တစ်စုံတစ်ရာငွေပမာဏနှင့်လည်းအလဲအလှယ် မလုပ်ခဲ့ကြောင်း ပြောက်ကျားတစ်ဦးက ယင်းတိပ်ခွေ၌ ပြောကြားထားသည်။

အဆိုပါ တရုတ်လူမျိုး ရှစ်ဦးသည် ဂျော်ဒန်နိုင်ငံသို့ အသွားတွင် ပြောက်ကျားများ၏ ပြန်ပေးဆွဲ ခေါ်ဆောင်သွားခြင်း ခံခဲ့ရခြင်းဖြစ်သည်ဟု အစ္စလမ္မစ် တော်လှန်ရေး လှုပ်ရှားမှုအဖွဲ့က အင်္ဂါနေ့၌ ထုတ်ပြန်သည့် ဗီဒီယိုတိပ်ခွေတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြောက်ဘက်၌ ဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၃

ဘဂ္ဂဒက်မြို့မြောက်ဘက်တွင် သောကြာနေ့က အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းမှုတစ်ရပ် ပြုလုပ်စဉ် ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ အယ်ဒူလူရာမြို့တွင် စီးနင်းမှုတစ်ရပ်ပြုလုပ်စဉ် အဆိုပါအမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း၊ အီရတ်တစ်ဦးလည်း သေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ပြင်းထန်

ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၁၀၀အကွာခန့်တွင်ရှိသော အယ်ဒူလူရာမြို့သည် ပြီးခဲ့သည့် ၂၀၀၃နှစ်က အီရတ်ကို အမေရိကန်တို့ စတင်ကျူးကျော်ဝင်ရောက်ခဲ့ချိန်မှစတင်ကာ လက်နက်ကိုင်ခုခံတိုက်ခိုက်မှု ပြင်းထန်သည့် နေရာတစ်ခုဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကျူးဘားနှင့် အီရန်တို့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မည်

ဟာဗားနား ဇန်နဝါရီ ၂၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ကြရန် ကျူးဘားနှင့် အီရန်နှစ်နိုင်ငံတို့ကသဘောတူညီချက်တစ်ရပ် လက်မှတ် ရေးထိုးခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းများက သောကြာနေ့တွင် ဖော်ပြသည်။

အဆိုပါ သဘောတူ စာချုပ်ကို နှစ်နိုင်ငံအစိုးရအဖွဲ့များ၏ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ခု အတွင်း လက်မှတ် ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ



ကျင်းပ

ပြင်သစ်နိုင်ငံ ကိန်းမြို့၌ ဂီတတေးသွားများဆိုင်ရာ ပြပွဲတစ်ရပ် ကျင်းပလျက်ရှိသည်ကို ဇန်နဝါရီ ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် စံပြအိမ်ရာတည်ဆောက်ရေး အချိန်မီပြီးစီးရေးနှင့် အရည်အသွေးကောင်းမွန်ရေး အဓိကထားဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယနေ့နံနက် ၈နာရီက ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်း အမှတ် ၂၄၅ ရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်သန်းထွန်းနှင့် ဗိုလ်မှူးကြီးတင်ငွေ၊ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေး ဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနနှင့် စည်ပင်သာယာရေးဘဏ်လီမိတက်တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများ၊ ပြည်နယ်၊ တိုင်းဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများမှ ဒေသကြီးကြပ်ရေးမှူးများ တက်ရောက်ကြသည်။

အဓိကထား

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် မြို့ပြသာယာလှပရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ကျေးလက်သောက်သုံးရေရရှိရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရန်လိုကြောင်း၊ အထူးစီမံကိန်းအနေဖြင့် အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သော မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းတို့တွင် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးစီမံကိန်း၊ ကျေးလက်စံပြအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းနှင့် ခရိုင်ချင်းဆက် လမ်းဖောက်လုပ်ရေးလုပ်ငန်းများတွင်လည်း အချိန်မီပြီးစီးရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့အဓိကထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆိုင်ရာများ၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း သင်တန်းကျောင်းကိစ္စရပ်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာများကိုလည်းကောင်း မှာကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေ၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်း၊ စည်ပင်သာယာရေးဘဏ်လီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းတို့က ဦးစီးဌာနအလိုက် ဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီး မျိုးမြင့်က ပြီးခဲ့သောလေးလပတ်ကာလအတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများအပေါ် အားနည်းချက်၊ အားသာချက် ဖော်ထုတ်သုံးသပ်၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်၊ တိုင်းဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများမှ ဒေသ ကြီးကြပ်ရေးမှူးများက မိမိတို့ဒေသအလိုက် လိုအပ်ချက်ကိုတင်ပြသည်။ ၎င်းနောက် ပြည်နယ်၊ တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများက ပြည်နယ်၊ တိုင်းအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြရာ ဝန်ကြီးက ပေါင်းစပ်ပံ့ပိုးဖြည့်ဆည်းပေးပြီး ပထမနေ့ညှိနှိုင်းအစည်းအဝေးကို ညနေ ၄နာရီတွင် ရပ်နားခဲ့သည်။

ဆောင်ရွက်ပေး

စည်ပင်သာယာရေးဦးစီးဌာန အနေဖြင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်လမ်းအနေဖြင့် မြေသားလမ်း ၂၀၃ မိုင်၊ ကျောက်ချောလမ်း ၁၃၉ မိုင် ငါးဖာလုံ၊ ဂဝံလမ်း ၅၇ မိုင်၊ ကတ္တရာခင်းခြင်း ၃၉ မိုင် ခုနစ်ဖာလုံ စုစုပေါင်း ၄၃၉ မိုင် လေးဖာလုံ ဆောင်ရွက်ခဲ့ပြီး မြို့ပြလမ်းအနေဖြင့် ကျောက်ချောလမ်း ၃၄ မိုင် ငါးဖာလုံ၊ ကတ္တရာလမ်း ၅၄ မိုင် လေးဖာလုံ ဆောင်ရွက်နိုင်ခဲ့သည်။ အပူပိုင်းဒေသ တိုင်းသုံးတိုင်း ကျေးလက်ရေပေးရေး စီမံကိန်းအနေဖြင့် ကျေးရွာပေါင်း ၈၀၄၂ ရွာ ရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ တင်ပြပါကာလအတွင်း ကျေးရွာပေါင်း ၆၅၇၆ ရွာအား ရေရရှိရေး လုပ်ငန်းပေါင်း ၉၂၅၂ ဆောင်ရွက်နိုင်ခဲ့သဖြင့် စီမံကိန်း၏ ၈၂ ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျေးလက်အိမ်ရာစီမံကိန်းအနေဖြင့် တင်ပြပါကာလအတွင်း အိမ်ရာ ၁၁၄၉ လုံး ဆောက်လုပ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရားရေးအရာရှိများ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၄

တရားရေးအရာရှိများ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၇)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီက တရားရုံးချုပ်ပင်မအဆောက်အအုံ၏ မြောက်ဘက်ခြမ်းရှိ သုံးထပ်အဆောက်အအုံအပေါ်ဆုံးထပ်တွင် ကျင်းပရာ အဆိုပါအခမ်းအနားသို့ တရားသူကြီးချုပ်ဦးအောင်တိုး၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ တိုင်းတရားသူကြီး၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အကြံပေးအရာရှိများ၊ သင်တန်းဆရာများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တရားသူကြီးချုပ် ဦးအောင်တိုးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာဖွင့်လှစ်မည်ဖြစ်ပြီး တရားရေးအရာရှိများ၏ အင်္ဂလိပ်စာအရည်အသွေး ပိုမိုမြင့်မားစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပစေတီတော် (၁၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ဗုဒ္ဓပူဇာအဖြစ် နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများ မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ လှည့်လည်အပူဇော်ခံဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ကမ္ဘာ့အကောက်ခွန်နေ့ ဂုဏ်ပြုကြိုဆို စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၄

ကမ္ဘာ့အကောက်ခွန်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အကောက်ခွန်ဝန်ထမ်းများ၏ (၁၃)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကျင်းပရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းတက်ရောက်ပြီး အကောက်ခွန်ဝန်ထမ်း ၃၅ဦးတို့၏ သွေးလှူဒါန်းမှုများကို ကြည့်ရှုအားပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းက ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ သွေးပိုက်၊ သွေးပုလင်းနှင့် သွေးဆက်စပ်ပစ္စည်းများနှင့် အလှူငွေကျပ် ၄၀၀၀၀ တို့ကို အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) တပ်မှူး ကိုယ်စား အထွေထွေရောဂါများကုသမှုဌာနကြီးမှူး ဗိုလ်မှူးကြီးရဲသွေးထံ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၅-၁-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ ကဗျာပန်းဥယျာဉ်
၈း၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၁၅ ၈။ သုံးဆယ်ရေလှောင်တမံ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Let's Go.

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use.
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၁၇း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၃၀ ၇။ ခံစားနားဆင်တေးဓာတ်ဝင်
၁၇း၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၁၀ ၉။ နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း-၆၂)
၁၈း၃၀ ၁၀။ ညနေခင်းသတင်း
၁၉း၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၂။ တေးဂီတအစီအစဉ်
၁၉း၂၀ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၉း၃၅ ၁၄။ ကြေးမုံရိပ်သွင်တေးနှယည်
၁၉း၄၅ ၁၅။ ထူးကဲမြင့်မြတ်ပူဇော်အပ်သည့် သာသနာ့အာဇာနည် (အပိုင်း-၁)
၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"**(အပိုင်း-၃၃)
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ပုညာရာမဆရာတော် တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၂၄

ပဲခူးတိုင်း ကဝမြို့နယ် ရှမ်းကန်ကျေးရွာ၌ ဖေဖော်ဝါရီ ၅ ရက်မှ ၁၁ရက်အထိ၊ ဧရာဝတီတိုင်း ဓနုဖြူမြို့နယ် ကျုံယုကျေးရွာ ကျောက်ကြီးဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ တရားပွဲများကို သာကေတမြို့ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တပုညာနန္ဒက ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အာဆီယံ+၃ နိုင်ငံများမှ လယ်ယာသတင်းအချက်အလက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များအစည်းအဝေးနှင့် အာဆီယံရိက္ခာဖူလုံရေး သတင်းစနစ်စီမံကိန်းအကောင်အထည်ဖော်ရေးဆိုင်ရာတတိယအကြိမ်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပသည့် အာဆီယံ+၃ နိုင်ငံများမှ လယ်ယာသတင်းအချက်အလက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးနှင့် အာဆီယံရိက္ခာဖူလုံရေးသတင်းစနစ် စီမံကိန်းအကောင်အထည်ဖော်ရေးဆိုင်ရာ တတိယအကြိမ်အစည်းအဝေး (The Meeting for Directors General of Agricultural Statistics and Information in ASEAN+3 Countries and The Third Focal Point Meeting of AFSIS Project) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

(အောက်ပုံ)

အမှာစကားပြောကြား

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန၊ စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Kozo Konishi က အမှာစကားပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းမြင့်နှင့် အာဆီယံ+၃ နိုင်ငံများမှ အဆင့်မြင့် အရာရှိကြီးများသည် မှတ်တမ်းတင်ဓာတ်ပုံ စုပေါင်းရိုက်ကြသည်။

ထို့နောက် အာဆီယံ+၃နိုင်ငံများမှ လယ်ယာသတင်းအချက်အလက် ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များအစည်းအဝေးနှင့် အာဆီယံ ရိက္ခာဖူလုံရေး သတင်းစနစ် စီမံကိန်းအကောင်အထည်ဖော်ရေးဆိုင်ရာ တတိယအကြိမ် အစည်းအဝေးကို နံနက်၁၁နာရီခွဲတွင် စတင်ကျင်းပပြီး ညနေ ၅နာရီခွဲတွင် အစည်းအဝေး ပထမနေ့အစီအစဉ်များကို ရပ်နားလိုက်သည်။

အဆိုပါ အစည်းအဝေးကို ဇန်နဝါရီ ၂၈ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ထူးချွန်ကျောင်းသားများ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၄

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ထူးချွန်ကျောင်းသား ကျောင်းသူများ အား ဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အဆိုပါ ဝန်ကြီးရုံး၌ကျင်းပရာ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဝန်ကြီးက ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလွှာဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** ထူးချွန်ဆုရွေးချယ်ရေးစာမေးပွဲကို နည်းပညာကောလိပ်နှင့် သိပ္ပံ ၃၇ခု၊ ကွန်ပျူတာတက္ကသိုလ်၊ ကောလိပ် ၂၄ခုတို့မှ ထူးချွန်သည့် ကျောင်းသား ကျောင်းသူများအား ဖြေဆိုစေ၍ ရွေးချယ်ခဲ့ရာ စုစုပေါင်း ၅၃ဦးကို ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် သုတေသနထူးချွန်ဆုရရှိသူ နှစ်ဦး၊ Debate ပြိုင်ပွဲတွင် ဆုရရှိသူသုံးဦး၊ နိုင်ငံတကာကွန်ပျူတာပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသူတစ်ဦး တို့ကိုလည်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

မအူပင်မြို့နယ်အသင်း(ရန်ကုန်) ရွှေရတုအခမ်းအနားပြုလုပ်မည်

ရန်ကုန် ဇန်နဝါရီ ၂၄

မအူပင်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို လာမည့် ဧပြီလတွင် ကျင်းပမည်ဖြစ်သည်။ အခမ်းအနားတွင် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူအသင်းဝင်နှင့် အသင်းဝင်မိသားစုများအနက် ပညာသင်ဆုစိစစ်ရွေးချယ်ရေးအဖွဲ့က ရွေးချယ်ထောက်ခံသူများအား တက္ကသိုလ်ဘွဲ့ရသည်အထိ တက္ကသိုလ်ပညာသင် ထောက်ပံ့ကြေးဆုချီးမြှင့်ခြင်း၊ အခြေခံပညာအထက်တန်း အောင်သူများကို ဆုချီးမြှင့်ခြင်း၊ သက်ကြီးအသင်းဝင်များအား ပူဇော်ကန်တော့ခြင်း၊ မအူပင်မြို့ရှိ မြို့ဦးပေါ်တော်မူစေတီတော်မြတ်ကြီး အသစ်တစ်ဖန် တည်ထားခြင်းအတွက် လှူဒါန်းခြင်း၊ မြို့နယ်လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အတွက် လှူဒါန်းခြင်းနှင့် ၂၀၀၅ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို တစ်ပေါင်းတည်း ပြုလုပ်မည်ဖြစ်သည်။ ၂၀၀၅ခုနှစ် မတ် ၃၁ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်စုံစမ်းပြီး လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတ်ပုံတင်စာဖြင့်ဖြစ်စေ ပညာသင်ဆုအတွက် အမည်စာရင်းပေးပို့နိုင်သည်။ အသက်(၇၅)နှစ် ပြည့်ပြီးသူ အသင်းဝင်များ၊ တက္ကသိုလ်ဝင်တန်းအောင်(၂၀၀၄ ခုနှစ်)သူများလည်း စာရင်းပေးပို့နိုင်ကြောင်းနှင့် ပညာဒါနအဖြစ် လှူဒါန်းလိုသူများသည် ဦးစိုးဝင်း ဥက္ကဋ္ဌ ဖုန်း-၆၃၅၃၂၄၊ ၆၃၅၆၆၅၊ ဦးစိန်မင်း ဒုတိယဥက္ကဋ္ဌ ဖုန်း-၃၇၁၆၇၂၊ ဦးစိန်ညွန့် ဘဏ္ဍာရေးမှူး ဖုန်း-၂၄၄၅၄၀၊ ဦးမြစိုး အထွေထွေအတွင်းရေးမှူး ဖုန်း-၅၀၅၉၇၄၊ ၅၂၇၁၈၂ နှင့် ဒေါ်ခင်ခင်ရီ အမှုဆောင် ဖုန်း-၅၀၀၆၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရောဂါကာကွယ်နှိမ်နင်းရေးဗဟိုအဆင့် လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ရောဂါပိုးသယ်ဆောင်သော ပိုးမွှားကောင်များမှတစ်ဆင့် ကူးစက်ရောဂါ နှိမ်နင်းရေးလုပ်ငန်း စီမံချက် (ရ-ပ-က-န) (ငှက်ဖျား) ၂၀၀၃-၂၀၀၄ ခုနှစ်အတွက် ဗဟိုအဆင့် လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဆေးဝါးစက်ရုံလမ်းရှိ ဗဟို (ရ-ပ-က-န) (ငှက်ဖျား) အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကိုယ်စား ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာကျော်ညွန့်စိန်က အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်ဆွေးနွေး

ဆွေးနွေးပွဲသို့ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲဌာန အစာနှင့်ဆေးဝါး ကွပ်ကဲရေးဌာနတို့မှ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်း ငှက်ဖျားဆရာဝန်ကြီးများ၊ အဖွဲ့ခေါင်းဆောင်ဆရာဝန်များ၊ ပိုးမွှားစုံစမ်းရေး အရာရှိကြီးများ၊ လက်ထောက်ငှက်ဖျားမှူးများ၊ လက်ထောက်ပိုးမွှား စုံစမ်းရေးမှူးများ တက်ရောက်ဆွေးနွေးကြသည်။

လုပ်ငန်းစဉ်

အဆိုပါဆွေးနွေးပွဲတွင် ငှက်ဖျားအပြင် သွေးလွန်တုပ်ကွေးရောဂါ၊ ဆင်ခြေထောက်ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းဆောင်ရွက်မှု အားနည်းချက်၊ အားသာချက်များ ဆွေးနွေးခြင်း၊ ငှက်ဖျားအတွက် ကမ္ဘာ့ရန်ပုံငွေရရှိပါက ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များ၏ နည်းဗျူဟာများ ရေးဆွဲရေးတို့ကို ဆွေးနွေးကြမည်ဖြစ်သည်။ အစည်းအဝေးကို ဇန်နဝါရီ ၃၀ရက်အထိ ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။

အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွား

ရန်ကုန် ဇန်နဝါရီ ၂၄

၂၀၀၅ခုနှစ် ဇန်နဝါရီ ၂၄ ရက် ယနေ့ မြန်မာစံတော်ချိန် ၁၀နာရီ ၄၉မိနစ် ဝ၆စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏တောင်ဘက် ၆၅၄မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ၂အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (သတင်းစဉ်)

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်သို့ ဝင်ခွင့်လျှောက်ထားရန် ကြေညာချက်

ရန်ကုန် ဇန်နဝါရီ ၂၄

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တွင် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူများအတွက် Certificate in English for Secretaries ၁၀ပတ် အချိန်ပိုင်း နံနက်သင်တန်းကို ဇန်နဝါရီ ၃၁ရက်မှစ၍ တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက်၇နာရီမှ ၉နာရီအထိ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

ထို့အတူ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ သို့မဟုတ် အခြေခံပညာအထက်တန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ရရှိထားသူများအတွက် Understanding Networking Fundamentals လက်မှတ် ခြောက်ပတ်အချိန်ပိုင်းသင်တန်းကို တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့များတွင်လည်းကောင်း၊ အထက်ပါ Understanding Networking Fundamentals လက်မှတ် ကိုးပတ် အချိန်ပိုင်းသင်တန်းကို စနေ၊ တနင်္ဂနွေနေ့များတွင်လည်းကောင်း ဇန်နဝါရီ ၃၁ရက်မှစ၍ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

Certificate in English for Secretaries˚ သင်တန်းသို့ လျှောက်ထားလိုသူများသည် ဝင်ခွင့်လျှောက်လွှာတွင် အမည်၊ အဖအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ရရှိခဲ့သည့်ဘွဲ့အမျိုးအစား၊ ခုနှစ်၊ တက္ကသိုလ်၊ ဘွဲ့လက်မှတ်မိတ္တူ၊ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက်နှင့် လိုင်စင်ဓာတ်ပုံတစ်ပုံ ပူးတွဲ၍လျှောက်ထားရမည်ဖြစ်သည်။

Understanding Networking Fundamentals လက်မှတ်သင်တန်းသို့ လျှောက်ထားလိုသူများသည် ဝင်ခွင့်လျှောက်လွှာတွင် အမည်၊ အဖအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ခုံအမှတ်၊ စာစစ်ဌာန၊ တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သော စုစုပေါင်းရမှတ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ (သို့မဟုတ်) အခြေခံပညာအထက်တန်းအဆင့် သင်ယူပြီးမြောက်ကြောင်း သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးထံမှ ထောက်ခံချက်၊ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက်နှင့် လိုင်စင်ဓာတ်ပုံတစ်ပုံ ပူးတွဲ၍ လျှောက်ထားရမည်ဖြစ်သည်။

အဆိုပါသင်တန်းများသို့ လျှောက်ထားလိုသူများသည် ဇန်နဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ကုန်သည်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ တိုက်ရိုက်လျှောက်ထားနိုင်သည်။

ဝင်ခွင့်ရရှိသူ

ဝင်ခွင့်ရရှိသူများစာရင်းကို ဇန်နဝါရီ ၃၀ ရက်တွင် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) သထုံလမ်း ရန်ကုန်မြို့၌ ကပ်ထားမည်ဖြစ်သည်။

အသေးစိတ်သိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ကုန်သည်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၀၀၃၄ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)က သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာရက်သတ္တပတ်ပြပွဲ ဆက်လက်ပြသ

ရန်ကုန် ဇန်နဝါရီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် အီလက်ထရွန်းနစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့နှင့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၅ ပြပွဲကို စတုတ္ထနေ့အဖြစ် ယနေ့နံနက်ပိုင်းမှ ညနေပိုင်းအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံဝင်းအတွင်း၌ ဆက်လက်၍ ဖွင့်လှစ်ပြသလျက်ရှိသည်။

ပြပွဲတွင် ဝန်ကြီးဌာနပြခန်းများနှင့် ပုဂ္ဂလိကကွန်ပျူတာနှင့် IT ဆိုင်ရာ ကုမ္ပဏီများ၏ ပြခန်းများ၊ ဝန်ကြီးဌာနများ၏ ICT ဆောင်ရွက်မှု Project များ၊ e-Government ဆိုင်ရာ ဆောင်ရွက်မှုများ၊ Staff Management များ၊ ရုံးသုံး Software များ၊ Internet နှင့် Web Site များ၊ Web Application များ၊ Computer နှင့် IT ပညာရပ်ဆိုင်ရာ တီထွင်ဖန်တီးမှုများ၊ နိုင်ငံတကာတွင် တိုးတက်ဖြစ်ထွန်းနေသော ICT ဆိုင်ရာ ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံရှိ အမျိုးသားစာကြည့်တိုက်မှ စာအုပ်စာတမ်းများကို Internet မှတစ်ဆင့် on Line စနစ်ဖြင့် ကြည့်ရှုနိုင်မှုများစသည်တို့ကို ခင်းကျင်း ပြသထားသည်။

တက်ရောက်ဆွေးနွေး

ထို့အတူ ယနေ့ပြပွဲနံနက်ပိုင်းတွင် MICT ခန်းမ၌ IT Product Presentation ဟောပြောပွဲအဖြစ် SNA Co., Ltd. က Software Presentation နှင့် ACE Data System Co., Ltd. က Active Enterprise Resource Planning and other ACE Software Presentation တို့ကို ဟောပြောဆွေးနွေးကြပြီး မွန်းလွဲပိုင်းတွင် "Outsourcing Opportunities and Challenges" ခေါင်းစဉ်နှင့် စပ်လျဉ်းသည့် အလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပရာ ကွန်ပျူတာနှင့် IT ပညာရပ်ကို စိတ်ပါဝင်စားသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ဆွေးနွေးကြသည်။

ယနေ့ပြပွဲသို့ ကွန်ပျူတာနှင့် IT ပညာရပ်ကို စိတ်ပါဝင်စားသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြပြီး ပြပွဲကို ဇန်နဝါရီ ၂၇ ရက်အထိနေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည် ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်ကြကြောင်း သိရသည်။

(သတင်းစဉ်)

စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၅ ပြပွဲတွင် Ocean Gate Training Centre ပြခန်း၌ ကျောင်းသူကျောင်းသားများ လေ့လာကြည့်ရှုနေကြစဉ်။
(မြန်မာ့အလင်း)

တေးဂီတထုတ်လုပ်မှုပြကွက်

ထို့ပြင် Myat Tha Pyay Family Co., Ltd.၊ ဘုန်ရှင်မင်း ကွန်ပျူတာ Note Book ၊VCT Group၊ Youth Computer Co., Ltd.၊ Forever Group နှင့် Myanmar World Distribution Company တို့အပါအဝင် ပုဂ္ဂလိကကွန်ပျူတာနှင့် IT ဆိုင်ရာ ကုမ္ပဏီများက ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိပြီး မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်သင်ကြားပေးလျက်ရှိသော ကွန်ပျူတာဖြင့် တေးဂီတ ဖန်တီးထုတ်လုပ်မှု ပြကွက်တို့ကိုလည်း ပြသထားသည်။

စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၅ ပြပွဲ M˚S˚I ပြခန်း၌ အီလက်ထရွန်းနစ်ပစ္စည်းများကို ပရိသတ်များ စိတ်ဝင်စားစွာ ကြည့်ရှုနေကြသည်ကို တွေ့ရစဉ်။
(မြန်မာ့အလင်း)

စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၅ ပြပွဲတွင် VCT ပြခန်း၌ ပရိသတ်များ စိတ်ဝင်စားစွာ ကြည့်ရှုကြစဉ်။
(သတင်းစဉ်)

ဇန်နဝါရီ ၂၄ ရက်က ရေဝတီတိုင်း ညောင်တုန်းဒေသရှိ ညောင်တုန်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ တွင်းသစ်အမှတ် (၂၄) တူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်မှု အခြေအနေများကို တွေ့ရစဉ်။
(စွမ်းအင်)

တွင်းသစ်အမှတ်(၂၄)တူးဖော်ပြီးစီးမှုနှင့်ထုတ်လုပ်မှု စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းဒေသရှိ ညောင်တုန်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်စစ်ဆေးသည်။

ဖြည့်စွက်ရှင်းလင်းတင်ပြ

ဝန်ကြီးအား ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှင်းလင်းဆောင်၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အင်ဂျင်နီယာချုပ်(တူးဖော်ရေး)ဦးမောင်ကိုက အသစ်ထပ်မံတူးဖော်ခဲ့သော ညောင်တုန်းတွင်းသစ် အမှတ်(၂၄)ကို အောင်မြင်စွာတူးဖော်ဆောင်ရွက်ခဲ့မှုအခြေအနေ၊ လက်ရှိထုတ်လုပ်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူးဦးစန်းလွင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက ညောင်တုန်းဒေသ၌ တွင်းသစ်များဆက်လက်တူးဖော်သွားနိုင်ရေး၊ ဘူမိအနေအထားဆက်စပ်လျက်ရှိသည့် အခြားဒေသများတွင်လည်း တိုးချဲ့ရှာဖွေတူးဖော်သွားနိုင်ရေးနှင့် မအူပင်၊ ဒေးဒရဲဒေသများ၌ ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးတို့ကို မှာကြားပြီး တွင်းတူးစက်နေရာချထားမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့်အစီအစဉ်များကို ချမှတ်ပေးသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ထို့နောက် ဝန်ကြီးက တွင်းတူးဖော်ရေး အောင်မြင်စွာဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် တွင်းသစ်အမှတ်(၂၄)သို့ သွားရောက်ကာ တွင်းတူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါတွင်းသစ်အမှတ်(၂၄)မှ သဘာဝဓာတ်ငွေ့ကုဗပေ ၅ ဒသမ ၂၈ သန်းခန့်ကို နေ့စဉ်ထုတ်လုပ်လျက်ရှိသည်။

ထုတ်လုပ်ပေးလျက်

ယခုအခါ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေ၌ တွင်းပေါင်း ၁၈ တွင်းမှ သဘာဝဓာတ်ငွေ့ကုဗပေသန်း ၁၀၀ ကျော်နှင့် လေဆီ Condensate စည် ၉၀၀ ခန့်ကို နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၅

(ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ)

ဇန်နဝါရီ ၂၅ ရက်၊ အင်္ဂါနေ့

၀၉:၀၀-၁၇:၀၀	-	ICT ပြပွဲ၊ ပြခန်းများ
၀၉:၀၀-၁၂:၀၀	-	ICT Product Presentation
၀၉:၀၀-၁၇:၀၀	-	Network Game ပြိုင်ပွဲ
၁၃:၀၀-၁၆:၃၀	-	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

၀၉:၀၀-၁၇:၀၀	-	ICT ပြပွဲ၊ ပြခန်းများ
၀၉:၀၀-၁၂:၀၀	-	ICT Product Presentation
၀၉:၀၀-၁၇:၀၀	-	Network Game ပြိုင်ပွဲ
၁၃:၀၀-၁၆:၃၀	-	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့

၀၉:၀၀-၁၇:၀၀	-	ICT ပြပွဲ၊ ပြခန်းများ
၀၉:၀၀-၁၇:၀၀	-	Network Game နောက်ဆုံးပြိုင်ပွဲ
၁၃:၀၀-၁၆:၀၀	-	ICT Competitions ပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း
	-	ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း
	-	အိုင်စီတီရက်သတ္တပတ်ပိတ်ပွဲအခမ်းအနား

(တနင်္ဂနွေနေ့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ၊ ကျန်နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသပါမည်။)

MICT Park၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ ရန်ကုန်။

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

● **ရှေ့ဖုံးမှ**

မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်တို့က ဖဲကြိုးဖြတ်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက စက်ခလုတ်နှိပ်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကြေးပြားကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အဆောက်အအုံသစ် ဒုတိယထပ်ရှိ သီရိအဏ္ဏဝါခန်းမ၌ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားနှင့် ဆဋ္ဌမအကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကိုကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် သားငါးကဏ္ဍဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သားငါးမျိုးကောင်းမျိုးသန့်များကို တိုးတက်ဖြန့်ဖြူးရန်၊ ပုစွန်မွေးမြူရေးလုပ်ငန်းတိုးတက်အောင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်၊ ကျေးလက်ဒေသ မွေးမြူရေးလုပ်ငန်းများ ဖော်ချဆောင်ရွက်ရန် စသည်တို့ကိုပင် လမ်းညွှန်ထားကြောင်း။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဦးစီးဌာနများ၊ လုပ်ငန်းဌာနများနှင့် အဖွဲ့အစည်းများကိုဖွဲ့စည်းပြီး ကြိုးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိကြောင်း။

အသားကဏ္ဍတွင် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်နှင့် ငါးကဏ္ဍတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် စသည့် အမျိုးသားစွမ်းအားစုကြီးများကို ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ကြောင်း။

အာဆီယံတွင်ပါဝင်

၁၉၉၇ခုနှစ်တွင် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့ကြောင်း၊ အာဆီယံအဖွဲ့ကြီးအောက်တွင် ‘အာဆီယံ ငါးလုပ်ငန်းအဖွဲ့ချုပ်’ (ASEAN Fishery Federation)ကို ၁၉၈၈ခုနှစ်မှ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးသည့်နောက်ပိုင်း ငါးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ၁၉၉၈ခုနှစ် ဒီဇင်ဘာ၁ရက်တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အဖြစ် ဖွဲ့စည်းခဲ့ကြောင်း၊ ထို့အပြင် ၂၀၀၂ခုနှစ် ဇွန် ၁၈ရက်တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သည် အာဆီယံငါးလုပ်ငန်းအဖွဲ့ချုပ်၌(ASEAN Fishery Federation Myanmar)အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ငါးမျိုးစိုက်ထည့်

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သဖြင့် မြေအသုံးချရေးတွင် လယ်ယာကဏ္ဍကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ငါးမွေးကန်ဖော်ထုတ်သည့်နေရာတွင် စိုက်ပျိုးမှုမဖြစ်ထွန်းသောမြေများ၊ ရေမြုပ်မြေများကို ဦးစားပေးဆောင်ရွက်သွားရန်နှင့် ရေရှည်တွင် မြစ်ချောင်း၊ အင်းအိုင်များ၊ သဘာဝရေပြင်များ၊ ပင်လယ်သမုဒ္ဒရာများအတွင်း၌ လှောင်အိမ်ဖြင့် ငါးမွေးမြူသည့်စနစ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ငါးမွေးမြူခြင်းလုပ်ငန်းတွင်ပါဝင်သည့် ငါးသားပေါက်ထုတ်လုပ်သောလုပ်ငန်းသည်လည်း ငါးမွေးမြူရေးကို တိုက်ရိုက်အထောက်အကူပြုလုပ်ငန်းဖြစ်သကဲ့သို့ သဘာဝရေပြင်များ၊ အင်းများမှ ငါးပိုမိုထွက်ရှိအောင် ဆောင်ရွက်သည့် ငါးမျိုးစိုက်ထည့်လုပ်ငန်းသည်လည်း အရေးပါသည့်လုပ်ငန်းဖြစ်သဖြင့် အလေးထားဆောင်ရွက်ရမည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ငါးမျိုးစိုက်ထည့်သည့်လုပ်ငန်းကို ယခုထက်ပိုမို စိုက်ထည့်နိုင်ရန် သဘာဝချောင်းမြောင်းများတွင် ဒေသခံငါးမျိုးများ မတုံးစေရန် ဒေသခံမြစ်ချောင်းများအတွင်း ရှင်သန်ကြီးထွားနိုင်မည့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် ငါးမျိုးကောင်းမျိုးသန့်များ တိုးတက်ထုတ်လုပ်ရေး၊ မျိုးစိုက်ထည့်ရေးတို့ကိုလည်း မျက်ခြည်မပြတ် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ငါးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လိုအပ်သောငါးသားပေါက် ထုတ်လုပ်ရေး၊ ငါးအစာတောင့်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ရေခဲစက်လုပ်ငန်းများ၊ ငါးဖမ်းဆီးရေးလုပ်ငန်းများ၊ ရောင်းဝယ်ရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများစသည့် ဆက်စပ်လုပ်ငန်းများ ဖြစ်ပေါ်လာပြီး အလုပ်အကိုင် အခွင့်အလမ်းများ၊ လုပ်ငန်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ငါးမွေးမြူရေးကဏ္ဍ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဖွဲ့ချုပ်အနေဖြင့်ငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သည် နိုင်ငံတော်၏ ငါးလုပ်ငန်းကဏ္ဍတွင် အမျိုးသားရေးစွမ်းအားစုကြီး တစ်ရပ်ဖြစ်သည့်အတွက် နိုင်ငံတော်အကျိုးစီးပွားကိုယ်စားပြုဆောင်ရွက်ရန် ကြိုးစားအားထုတ်ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့်–

- **နိုင်ငံအကျိုးပြု အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် စုစုစည်းစည်း ခိုင်ခိုင်မာမာ တည်ဆောက် ဆောင်ရွက်သွားကြပါ၊**
- **တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ကျရာကဏ္ဍမှ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **နိုင်ငံတော်နှင့် လူမျိုး၏ဂုဏ်၊ အသင်းကြီး၏ဂုဏ်ကို မြှင့်တင်နိုင်မည့်အဖြစ်သို့ ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **အာဆီယံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ လုပ်ငန်းများတွင်လည်းကောင်း၊ အာဆီယံနိုင်ငံအချင်းချင်း ပုဂ္ဂလိကအခန်းကဏ္ဍ ငါးလုပ်ငန်းဆိုင်ရာများတွင်လည်းကောင်း တန်းတူရည်တူ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်အောင်ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်ကြီး ပိုမိုခိုင်မြဲပြီး ထာဝရ ရှင်သန်နေအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ**

ဟု မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အစီအစဉ်ကိုကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် ဦးဌေးမြင့်(အဏ္ဏဝါရေလုပ်ငန်းဦးပိုင်လီမိတက်)၏ လှူဒါန်းငွေကျပ် သိန်း ၃၀၊ ဦးဇော်လေး (Fisheries & Marine Product 2000 Ltd.) ဒေါ်မြတ်မြတ်မွန် (ယုဇနဆောက်လုပ်ရေး)၊ ဦးညီမြင်း (မင်းဇာနည်ကုမ္ပဏီ)၊ ဒေါ်အိအိဌေးမြင့် (ယုဇန Seafood Export Co., Ltd.)၊ ဒေါ်ဇာခြည်ဌေး (ယုဇန Aqua & Agriculture Co., Ltd.)၊ ဦးကျော်အောင် (A Benhur Trading Co., Ltd.)နှင့် ဦးမြဟန် (Fortune International Co., Ltd.)တို့၏လှူဒါန်းငွေကျပ် ၁၀သိန်းစီတို့ကို လက်ခံသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊အစိုးရအဖွဲ့၊ အဖွဲ့ဝင် ဝန်ကြီးများအား မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က ဖွင့်ပွဲအထိမ်းအမှတ်ဂါရဝလက်ဆောင်များကို ပေးအပ်ပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက်မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံမြေညီထပ်၌ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် ပုဂ္ဂလိကရေလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၏ ပြခန်းပေါင်း ၃၄ခန်း ခင်းကျင်းပြသထားသော ရေထွက်ကုန်ပစ္စည်းပြပွဲ ဖွင့်ပွဲကိုကျင်းပရာ မြန်မာနိုင်ငံ ငါးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းလွင်၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလှမောင်ရွှေနှင့် မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်တို့က ဖဲကြိုးဖြတ်၍ ပြပွဲကိုဖွင့်လှစ်ပေးကြသည်။

ပြခန်းများကြည့်ရှု

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ရေထွက်ကုန်ပစ္စည်းပြပွဲ၌ ပြသထားသော ငါးလုပ်ငန်းဦးစီးဌာနနှင့် ပုဂ္ဂလိက ရေလုပ်ငန်း လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၏ ရေထွက်ပစ္စည်းများ၊ ရေသယံဇာတ ထွက်ကုန်များ၊ အလှမွေးငါးများ၊ငါးအစားအစာနှင့်ရေလုပ်ငန်းသုံးပစ္စည်းပြခန်းများ၊ ရေထွက်စားသောက်ကုန် အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များ ရေထွက်ကုန်ပစ္စည်းပြပွဲအတွင်း ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ရေထွက်ပစ္စည်းဖြင့်နိုင်ငံခြားငွေရှာဖွေရေးတတိယနေရာတွင်ရှိ ပို့ကုန်အရည်အသွေးတိုးမြှင့်နိုင်ငံခြားဈေးကွက်ပိုမိုရှာဖွေ

ရန်ကုန် ဇန်နဝါရီ ၂၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဆဋ္ဌမအကြိမ်မြောက်နှစ်ပတ် လည်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာမွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ရေထွက်ပစ္စည်းထုတ်လုပ်မှုဖြင့် နိုင်ငံခြားငွေရှာဖွေရေးမှာ တတိယနေရာတွင်ရှိကြောင်း၊ ပို့ကုန်အရည်အသွေးများ တိုးမြှင့်ရန်၊ နိုင်ငံခြားဈေးကွက်များ ပိုမိုရှာဖွေရန် လိုအပ်ကြောင်းနှင့် ငါးလုပ်ငန်းအဖွဲ့ချုပ် အစဉ်အမြဲတိုးတက်ပါစေကြောင်း ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဖတ်ကြားရှင်းလင်း

ထို့နောက်မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကြီးငွေက မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်သင်းဖွဲ့မှတ်တမ်းပြင်ဆင်ရေး(မူကြမ်း)ကိုလည်းကောင်း၊အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို လည်းကောင်း ဖတ်ကြားရှင်းလင်းပြီး တက်ရောက်လာသူများထံမှ သဘောတူ အတည်ပြုချက်ရယူသည်။

ဆက်လက်၍အထက်မြန်မာပြည် ငါးလုပ်ငန်းအဖွဲ့ချုပ်ကိုယ်စားလှယ်က လုပ်ငန်းဆိုင်ရာများတင်ပြသည်။

နှုတ်ခွန်းဆက်စကားပြော

ထို့နောက် မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ် အလုပ်အမှုဆောင်ဟောင်းများ နုတ်ထွက်ကြကာ ရွေးချယ်တင်မြှောက်ရေးကော်မရှင်အဖွဲ့ သဘာပတိ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက အမှာစကားပြောကြားပြီးအလုပ်အမှုဆောင်အဖွဲ့ဝင်သစ် ၄၅ဦးအား အဆိုပြုခြင်း၊ ထောက်ခံတင်ပြခြင်းများ ဆောင်ရွက်၍ ရွေးချယ်တင်မြှောက်ကြသည်။ ဆက်လက်၍ ရွေးချယ်တင်မြှောက်ခံရသော မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဌေးမြင့်က နှုတ်ခွန်းဆက် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ **ကျောဖုံးမှ**

ရုပ်ကွက်ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၃၂၃၀၀၀၀ စုစုပေါင်းကျပ် ၆၂၃၆၀၀၀ဖြင့်လည်းကောင်း၊ ဒေါနလမ်းမှာ အဖွဲ့ရန်ပုံငွေခွင့်ပြုငွေ ကျပ် ၉၈၀၀၀၀၊ ရပ်ကွက်ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၁၁၅၀၀၀၀ စုစုပေါင်းကျပ် ၂၁၃၀၀၀၀ ဖြင့်လည်းကောင်း အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စဝ်စံထွန်းရပ်ကွက် မင်္ဂလာတဝဂူကျောင်းလမ်းအား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်တို့ကလည်းကောင်း၊ ရွှေတောင်ရပ်ကွက် ဒေါနလမ်းအား ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစိန်သင်နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်တို့က လည်းကောင်း ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများက လမ်းသစ်များ တစ်လျှောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(နယ်စပ်/စည်ပင်)**

ဩဝါဒခံယူပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိပရိယတ္တိစာသင်တိုက်ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်မဟာဗောဓိဆရာတော်အား တပည့်အပေါင်းတို့က အာစရိယဝန္ဒနာပူဇာမင်္ဂလာနှင့် ဩဝါဒခံယူပွဲကို ဇန်နဝါရီ ၂၇ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် ဆင်ယင်ကျင်းပမည်ဖြစ်ရာ မဟာဗောဓိ ပရိယတ္တိစာသင်တိုက်၌ စာပေပညာသင်ယူ ဆည်းပူးခဲ့သော တပည့်များ ကြွရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

မေတ္တာစမ်းရည်မဂ္ဂဇင်းအတွက်စာမူများပေးပို့နိုင်

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မေတ္တာစမ်းရည်မဂ္ဂဇင်း အတွဲ(၁)၊ အမှတ်(၄) ထုတ်ဝေရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ၆ရက် မွန်းလွဲပိုင်းက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)အစည်းအဝေးခန်းမတွင် ကျင်းပသည်။

မေတ္တာစမ်းရည်မဂ္ဂဇင်းအတွက် စာမူပေးပို့လိုသူများသည် နှစ်သက်ရာကဏ္ဍများကိုရေးသား၍ ဖေဖော်ဝါရီ၇ရက် နောက်ဆုံးထားပြီး ဒေါက်တာဒေါ်တင်လင်းမြင့်(တာဝန်ခံစာတည်း)၊ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သံသုမာလမ်းနှင့် ပါရမီလမ်းထောင့် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ထံသို့ ပေးပို့နိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၄

ရွှေရတု နှစ်(၅၀)ပြည့် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့် ဇုန်များ၌ ဆက်လက်ကျင်းပရာ မန္တလေးဇုန်၌ကျင်းပသော ပြိုင်ပွဲတွင် (ခ)အုပ်စုမှ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်(တောင်ပိုင်း)က ခြောက်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပဲခူးဇုန်၌ကျင်းပသော ပြိုင်ပွဲတွင် (ဃ)အုပ်စုမှ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ **(သတင်းစဉ်)**

အဘိဓမ္မာသင်တန်း

ရန်ကုန် ဇန်နဝါရီ ၂၄

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာသင်တန်းကျောင်းတွင် အဘိဓမ္မာမာတိကာ ဓာတုကထာ သင်တန်းကို ဇန်နဝါရီ၂၉ရက် (စနေနေ့) နံနက် ၈နာရီမှ၁၀နာရီအထိစတင်ဖွင့်လှစ်၍ မဟာဓမ္မာစရိယဆရာတော် ဦးပဏ္ဍိတ (M.A,Buddhist)က သင်ကြားပို့ချမည်ဖြစ်သည်ဟု သိရသည်။ **(၃၅၂)**

✳ **ကျောဖုံးမှ**

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)သည် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်ဘေးဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကိုလည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမ အလယ်ထပ်နှင့် အပေါ်ဆုံးထပ်ရှိ ကျောက်မျက် အတွဲများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများကလိုက်လံရှင်းလင်းပြသကြပြီး ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က ကျောက်စိမ်းနှင့် ကျောက်မျက်အတွဲများကို ကြည့်ရှုစစ်ဆေးနေကြသော ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၈)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၃၀၈တွဲ၊ ကျောက်မျက်အတွဲပေါင်း ၃၁၇တွဲတို့ကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ရောင်းချမည်

ကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်အတွဲများကို ရတနာကုန်သည်များက ယနေ့မှ ဇန်နဝါရီ ၂၆ ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ကြည့်ရှုစစ်ဆေးကြမည်ဖြစ်ပြီး ဇန်နဝါရီ ၂၇ရက် နံနက် ၉နာရီတွင် ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို Bargain စနစ်၊ Auction စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲကို ပြည်တွင်းရတနာကုန်သည် ၂၇၆ဦးနှင့် ပြည်ပရတနာကုန်သည် ၉၃ဦးတို့ရောက်ရှိနေကြပြီး ကျောက်မျက်ရတနာများကို ကြည့်ရှုစစ်ဆေးနေကြသည်။ **(သတင်းစဉ်)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ပိုလီယိုကင်းစင်သောနိုင်ငံအဖြစ် ဆက်လက်ကာကွယ်ထိန်းသိမ်းကြပါစို့

ဒေါက်တာ သန်းထိန်ဝင်း

မြန်မာနိုင်ငံသည် ပိုလီယိုအကြောသေ ရောဂါဆိုးကြီးကို အပြီးအပိုင် မောင်းထုတ်နိုင်ခဲ့ပြီးသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ပိုလီယိုအကြောသေရောဂါဆိုးကြီးကို ကမ္ဘာမြေပေါ်မှ အပြီးအပိုင် မောင်းထုတ်ဖို့အတွက် ၁၉၈၈ခုနှစ်တွင် ကျင်းပခဲ့သည့် World Health Assemblyက စတင်ဆုံးဖြတ်၍ "ပိုလီယိုကင်းစင် ကမ္ဘာတစ်ခွင်၊ သက္ကရာဇ် ၂၀၀၀တွင်"ဟူသော ဆောင်ပုဒ်နှင့်အညီ ရည်မှန်းချက်ပန်းတိုင်ထားပြီး ဆောင်ရွက်စေခဲ့ပါသည်။ ယင်းသို့ ရည်မှန်းချက်ထားပြီး တစိုက်မတ်မတ် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပိုလီယိုရောဂါပပျောက်ရေး၏ အဓိကကျသည့် နည်းဗျူဟာ လေးရပ်စလုံးကို မြန်မာနိုင်ငံတွင် တစ်ပြိုင်တည်း ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်တွင် ပိုလီယိုရောဂါဆိုးကြီးကို မြန်မာ့မြေပေါ်မှ အပြီးတိုင် မောင်းထုတ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

ပိုလီယိုအကြောသေရောဂါသည် ပိုလီယိုဗိုင်းရပ်ပိုးကြောင့် ဖြစ်စေသည့် ခြေ၊ လက်စသည့် ကိုယ်အင်္ဂါကို အကြောသေစေသော ရောဂါတစ်မျိုး ဖြစ်ပါသည်။ ၎င်းဗိုင်းရပ်မှာ အမျိုးအစားအမှတ်(၁)၊ (၂)၊(၃)ဟု သုံးမျိုးရှိပါသည်။ ပိုလီယိုအကြောသေရောဂါ ပပျောက်ဖို့ဆိုလျှင် ဗိုင်းရပ်သုံးမျိုးစလုံးကို ကမ္ဘာ့မြေပေါ်မှအပြီးတိုင် အမြစ်ပြုတ်အောင်တိုက်ဖျက်ရန် လိုပါသည်။ ပိုလီယိုအကြောသေရောဂါဖြစ်စေသည့် ပိုလီယိုဗိုင်းရပ်အရိုင်းပိုးသည် မသန့်ရှင်းသော လက်၊ မသန့်ရှင်းသော အစားအစာ စသည်တို့မှတစ်ဆင့် ပါးစပ်ထဲသို့ ရောက်ရှိကာ လူ၏အူထဲတွင် ပွားများလာခြင်းဖြင့် ရောဂါဖြစ်စေပါသည်။ ရောဂါစတင်ဖြစ်ပွားစမှာ အဖျားအနည်းငယ်ရှိခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အန်ခြင်း၊ ဇက်ကြောတက်ခြင်းနှင့် ခြေလက်နာကျင်ကိုက်ခဲခြင်း စသည့် လက္ခဏာများ ပြတတ်ပါသည်။ လူ၏ အာရုံကြောအဖွဲ့အစည်းကို ဝင်ရောက်ပြီး ခြေလက်အကြောသေခြင်း ဖြစ်တတ်ပါသည်။ အချို့မှာမူလ ဖျားနာခြင်း လက္ခဏာဖြင့်ပင် ပျောက်သွားတတ်သည်လည်း ရှိပါသည်။ ရောဂါပိုးဝင်သူ ၂၀၀လျှင် တစ်ယောက်နှုန်းခန့် ခြေလက်မသန်မစွမ်း အကြောသေ ရောဂါဖြစ်ပွားတတ်ပြီး ရာသက်ပန် လူစဉ်မမီသည့်ဘဝ ရောက်တတ်သည့် ရောဂါဆိုးဖြစ်ပါသည်။ ပိုလီယိုရောဂါသည် အထူးသဖြင့် အသက်သုံးနှစ်အောက် ကလေးများ အဖြစ်များလေ့ရှိပြီး တစ်ခါဖြစ်ပွားပြီးလျှင် ပျောက်အောင်ကုသ၍ မရနိုင်ပါ။ ကာကွယ်ရန်သာ ဆေးရှိပါသည်။ ကာကွယ်နိုင်သည့် ဆေးမှာလည်း ပိုလီယိုအရိုင်းပိုးကို အာနိသင်လျော့ပါးအောင် ပြုပြင်ထားသည့် "ပိုလီယို အယဉ်ပိုးအရှင်မှ ပြုလုပ်ထားသည့် ပိုလီယိုကာကွယ်ဆေး"သာ ဖြစ်ပါသည်။ ၎င်းကာကွယ်ဆေး နှစ်စက်ကို တစ်လခြားပြီး သုံးကြိမ်တိုက်ကျွေးခြင်းကို ကလေး၏ အသက်တစ်နှစ်မပြည့်မီ တိတိကျကျ ဆောင်ရွက်နိုင်ခဲ့လျှင် ကာကွယ်နိုင်ပါပြီ။ ယင်းသို့ကာကွယ်၍ရသည့် ပိုလီယိုကာကွယ်ဆေး၏ အစွမ်းဖြင့်ပင် ပိုလီယိုအကြောသေရောဂါကို ၎င်း၏ ကူးစက်မှုသံသရာမှ ဖြတ်တောက်ပြီး "ပိုလီယိုကင်းစင်သည့်ကမ္ဘာ"ဘဝ ရောက်စေမည်ဖြစ်ပါသည်။

ပိုလီယိုကင်းစင်သော ကမ္ဘာကြီးဖြစ်ဖို့ ရည်မှန်းချက်ထားခဲ့စဉ် ကာလက ဖြစ်သည့် ၁၉၈၈ခုနှစ်တွင် ကမ္ဘာပေါ်၌ ပိုလီယိုရောဂါဝေဒနာရှင်ပေါင်း ၃၅၀၀၀၀ခန့်ရှိခဲ့သည်။ ပိုလီယိုကာကွယ်ဆေးကို အသက်တစ်နှစ်အောက် ကလေးများမှာ အသက် တစ်လခွဲ၊ နှစ်လခွဲနှင့် သုံးလခွဲတို့မှာ တစ်လစီခြားပြီး သုံးကြိမ်တိုက်ကျွေးခြင်းနှင့် အမျိုးသားကာကွယ်ဆေးတိုက်နေ့များတွင် ပိုလီယို ရောဂါကူးစက်မှု လျော့နည်းသည့် အချိန်ကာလများမှာ အသက်ငါးနှစ်အောက် ကလေးများကို ယခင်က ပိုလီယိုကာကွယ်ဆေး သောက်ပြီးမပြီး မကြည့်ဘဲ တစ်ဦးတစ်ယောက်မကျန် မဖြစ်မနေထပ်မံတိုက်ကျွေးခြင်းတို့ကို သတ်မှတ်နေ့ရက်ထားပြီး ဆောက်ရွက်ခဲ့ပါသည်။ တစ်လခြားပြီး စုစုပေါင်း နှစ်ကြိမ်ကို ထပ်မံအပိုဆောင်း တိုက်ကျွေးစေခြင်း ဖြစ်ပါသည်။ အဓိကရည်ရွယ်ချက်မှာ ပုံမှန်ကာကွယ်ဆေးတိုက်ရာ၌ လွတ်သွားတတ်သည့်၁၀ရာခိုင်နှုန်းမှ ၁၅ရာခိုင်နှုန်းသော ကလေးများကို မိအောင်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်လိုက်သဖြင့် ပိုလီယိုအကြောသေ ရောဂါဖြစ်ပွားမှု အခြေအနေမှာ ၁၁နှစ်ကြာကာလဖြစ်သည့် ၁၉၉၉ခုနှစ်တွင် ၉၅ရာခိုင်နှုန်းအထိ ဖြစ်ပွားမှု ကျဆင်းလာခဲ့ပြီး တစ်ကမ္ဘာလုံးမှာ ရောဂါဖြစ်ပွားသူ ၆၀၀၀ခန့်သာ ရှိပါတော့သည်။ ပိုလီယိုရောဂါကင်းစင်သည့် နိုင်ငံပေါင်း၁၉၀အထိ ပေါ်ပေါက်ခဲ့ပြီး နောက် ယခု ၂၀၀၄ခုနှစ် နိုဝင်ဘာလကုန်အထိ တစ်ကမ္ဘာလုံးမှာ ၉၀ရာခိုင်နှုန်းကျော်အထိ ဖြစ်ပွားမှုကျဆင်းခဲ့ပြီး ပိုလီယိုဖြစ်ပွားသူပေါင်း ၆၅၂ဦးသာ ရှိပါတော့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ကမ္ဘာ့ဒေသကြီး ခြောက်ခုအနက် သုံးခုမှာ ပိုလီယိုအရိုင်းပိုး ကူးစက်မှုကို လုံးဝဖြတ်တောက်နိုင်ပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသရှိ နိုင်ငံ၁၁နိုင်ငံအနက် အိန္ဒိယနိုင်ငံမှာသာ ပိုလီယိုအရိုင်းပိုးကူးစက်မှု ၈၉ဦးရှိနေဆဲ ဖြစ်သဖြင့် ပိုလီယိုကင်းစင်သော ဒေသကြီးအဖြစ် အမြန်ဆုံးကြေညာနိုင်အောင် ဆက်လက်ကြိုးစားဆောင်ရွက်လျက် ရှိပါသည်။

ပိုလီယိုအကြောသေ ရောဂါဖြစ်ပွားမှု အမြစ်တွယ်နေသော အဓိက နိုင်ငံများမှာ အာဖဂန်နစ္စတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ နိုင်ဂျီးရီးယား နိုင်ငံနှင့် နိုင်ဂျာနိုင်ငံ စုစုပေါင်းငါးနိုင်ငံ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပိုလီယိုကင်းစင်သော နိုင်ငံအဖြစ် ရပ်တည်နိုင်အောင် ကြိုးစားခဲ့ပုံကို တင်ပြရမည်ဆိုလျှင် ပထမဦးစွာ ပိုလီယိုရောဂါ ပပျောက်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်သည့်အနေဖြင့် ပုံမှန်ကာကွယ်ဆေးတိုက် လုပ်ငန်းကို အလေးထားပြီး ဆောင်ရွက်ခဲ့သည့်အပြင် အမျိုးသားကာကွယ်ဆေးတိုက်နေ့များအဖြစ် ၁၉၉၆ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ ရှစ်နှစ်တိုင်တိုင် ငါးနှစ်အောက်ကလေးငယ်များကို ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခဲ့ပါသည်။ လိုအပ်သည့် နေရာဒေသများတွင် ပိုလီယိုကာကွယ်ဆေး ကောက်သင်းကောက် တိုက်ကျွေးခြင်းလုပ်ငန်းများကိုလည်း ငါးနှစ်အောက် ကလေးငယ်များအား အိမ်တိုင်ရာရောက် အထူးအစီအစဉ်ဖြင့် ခြောက်ကြိမ်တိုင်တိုင် ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်၍ **မြန်မာနိုင်ငံ၏ ပိုလီယိုအကြောသေရောဂါဖြစ်ပွားမှုကို ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် ၂၀၀၀ပြည့်နှစ် ဖေဖော်ဝါရီလ ၁၃ရက်နေ့က နောက်ဆုံးတွေ့ရှိခဲ့ရပြီးနောက် ထပ်မံ၍ ဖြစ်ပွားမှု မရှိတော့ပါ။ မြန်မာနိုင်ငံသည် ပိုလီယိုရောဂါကင်းစင်သည့် နိုင်ငံအဖြစ် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်နေ့တွင် ကြေညာနိုင်ခဲ့ပါသည်။**

မြန်မာနိုင်ငံ၏ ပိုလီယိုအကြောသေရောဂါဖြစ်ပွားမှုကို ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် ၂၀၀၀ပြည့်နှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့က နောက်ဆုံးတွေ့ရှိခဲ့ရပြီးနောက် ထပ်မံ၍ ဖြစ်ပွားမှုမရှိတော့ပါ။ မြန်မာနိုင်ငံသည် ပိုလီယိုရောဂါကင်းစင်သည့် နိုင်ငံအဖြစ် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလ၁၃ရက်နေ့တွင် ကြေညာနိုင်ခဲ့ပါသည်။

သို့ရာတွင် မြန်မာနိုင်ငံ၏ အနောက်ဘက်အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံတွင် ၂၀၀၂ ခုနှစ် ပိုလီယိုရောဂါ (အရိုင်းပိုးတွေ့သူ)ဖြစ်ပွားသူ ပေါင်း ၁၆၀၀ ရှိခဲ့ပြီး တစ်ကမ္ဘာလုံး၏ ၈၅ ရာခိုင်နှုန်း ဖြစ်ပါသည်။ ၂၀၀၃ ခုနှစ်၌လည်း ၂၂၅ ဦးနှင့် ၂၀၀၄ ခုနှစ်တွင် ၈၉ ဦး ဆက်လက် ဖြစ်ပွားနေပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပိုလီယိုရောဂါ နောက်ဆုံးဖြစ်ပွားမှုမှာ ၂၀၀၀ပြည့်နှစ် ဩဂုတ်လတွင် ဖြစ်ပွားခဲ့ပါသည်။

မြန်မာနိုင်ငံ၏ နောက်ဆုံးပိုလီယို အရိုင်းပိုးတွေ့သော လူနာကလေးများမှာလည်း မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၏ နယ်စပ်ဒေသမြို့နယ်များတွင် ဖြစ်ခဲ့ပါသည်။ ၁၉၉၉ခုနှစ်တွင် လေးဦး၊ ၂၀၀၀ပြည့်နှစ်၌ နှစ်ဦး စုစုပေါင်းခြောက်ဦး ဖြစ်ပွားခဲ့ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတွင် အနောက်ဘက် နယ်စပ်ဒေသတစ်လျှောက်၌ ပိုလီယိုအရိုင်းပိုး အချိန်မရွေး ဝင်ရောက်လာနိုင်သည့် အခြေအနေ ရှိနေဆဲ ဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ ပိုလီယိုအရိုင်းပိုး ဝင်ရောက်လာနိုင်မှုကို ဟန့်တားနိုင်ရန်နှင့် အလွယ်တကူ ကူးစက်ပြန့်ပွားမှု မဖြစ်နိုင်ရန်တို့အတွက် ပထမအကြိမ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (Sub National Immunization Days)(SNIDS)ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၀၄ ခုနှစ် ဇန်နဝါရီလတို့မှာ နယ်စပ်မြို့နယ် ၄၃ မြို့နယ်တွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ **ယခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့ တနင်္ဂနွေနေ့၌ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ တနင်္ဂနွေနေ့တွင် ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါသည်။ စစ်ကိုင်းတိုင်း အထက်ပိုင်းမှ ရှစ်မြို့နယ်၊ ချင်းပြည်နယ်မှ ငါးမြို့နယ်၊ ရခိုင်ပြည်နယ်မှ ခြောက်မြို့နယ်နှင့် ကချင်ပြည်နယ်မှ တနိုင်းမြို့နယ်အပါအဝင် စုစုပေါင်း မြို့နယ် ၂၀ တွင် တစ်ဖက်နိုင်ငံနှင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။**

ပိုလီယိုအကြောသေရောဂါကို လုံးဝပပျောက်အောင် ဆောင်ရွက်နိုင်သည့် နည်းဗျူဟာ လေးရပ်ရှိပါသည်။ ၎င်းတို့မှာ ပုံမှန် ပိုလီယို ကာကွယ်ဆေး တိုက်ကျွေးခြင်း၊ အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ ကျင်းပခြင်း၊ လတ်တလော ပျော့ခွေ အကြောသေရောဂါ မျက်ခြည်မပြတ် လေ့လာစူးစမ်းခြင်းနှင့် အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်း တို့ဖြစ်ပါသည်။

ယခင်က အကြောင်းကြောင်းကြောင့် ပိုလီယိုကာကွယ်ဆေး လုံးဝမတိုက်လိုက်ရသေးသော ကလေးများကို ဖော်ထုတ်တိုက်ကျွေးရန်နှင့် ကာကွယ်ဆေး လုံးဝမရသေးသောကလေးများအား ပိုလီယိုကာကွယ်ဆေး မဖြစ်မနေတိုက်ကျွေးနိုင်ရေးနည်းလမ်းကို အကောင်အထည်ဖော်ရန် အလွန်အရေးကြီးသည်။ ဆေးတိုက်ကျွေးသူများသည် အမျိုးသားကာကွယ်ဆေးတိုက်ရက်တွင် စုရပ်၌ တစ်ရက်တည်းဖြင့် လူစာရင်းကိုကြည့်ပြီး စောင့်တိုက်ရုံသက်သက်မဟုတ်ဘဲ ညနေအထိဖွင့်ပြီး ဆေးတိုက်ဖြစ်အောင် တိုက်ရန်ဖြစ်ပါသည်။

မိမိစာရင်းတွင် ကျန်ရှိနေသေးသော ကလေးများအား သက်ဆိုင်ရာ ကျေးရွာ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများနှင့် လူမှုရေး အဖွဲ့များမှ စေတနာ့ဝန်ထမ်းများ၏ အကူအညီကိုရယူပြီး ဒုတိယနေ့တွင် အိမ်တိုင်ရာရောက် သွားရောက်တိုက်ကျွေးရန်ဖြစ်ပါသည်။ ဒုတိယနေ့တွင် ဆေးမတိုက်ရသေးသော ကလေးများ ကျန်နေသေးလျှင်လည်း တတိယနေ့တွင် ထပ်မံ၍ အိမ်တိုင်ရာရောက်တိုက်ကျွေးရန်ဖြစ်ပါသည်။ သို့မှသာ မိမိရပ်ကွက် ကျေးရွာတွင် ပိုလီယိုကာကွယ်ဆေး လုံးဝမတိုက်ကျွေးရသေးသော ငါးနှစ်အောက် ကလေးများမကျန်စေခြင်းဖြင့် ပိုလီယိုရောဂါ ခုခံအားသည် ကလေးတိုင်းတွင် အပြည့်ရှိနေပြီးဖြစ်ရာ ပြင်ပမှ ဝင်ရောက်လာသည့်ရောဂါပိုးများ အလိုအလျောက် သေသွားမည်ဖြစ်ပါသည်။

ပိုလီယို ပပျောက်ရေး နည်းဗျူဟာလေးရပ်ကို မြန်မာနိုင်ငံတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့၍ ပိုလီယိုကင်းစင်သောနိုင်ငံအဖြစ် ရောက်ရှိခဲ့ပါပြီ။ ဆက်လက် ထိန်းသိမ်းသွားဖို့အတွက်မှာမူ အဓိကနှင့် အနှစ်သာရအကျဆုံးဖြစ်သော ပိုလီယို ကာကွယ်ဆေး ပုံမှန်တိုက်ကျွေးသည့် နည်းဗျူဟာကို စနစ်တကျ ဆောင်ရွက်ရန်လိုပါသည်။ မိမိတို့၏ရင်သွေးငယ်များကိုအသက် တစ်လခွဲတွင် ပထမအကြိမ်၊ အသက်နှစ်လခွဲတွင် ဒုတိယအကြိမ်နှင့် အသက်သုံးလခွဲတွင် တတိယအကြိမ် ပိုလီယို ရောဂါကာကွယ်ဆေးကို တိုက်ဖြစ်အောင် တိုက်ကြရပါမည်။ အချို့သော ကျန်းမာရေးအသိပညာ နည်းပါးသူများကိုလည်း ကျန်းမာရေး အသိပညာပေးပြီး ဖော်ဆောင်ပေးကြဖို့ အထူးလိုအပ်ပါသည်။ မြန်မာနိုင်ငံကြီး ပိုလီယို အကြောသေ ရောဂါ ပပျောက်သွားသည့် အခြေအနေကို ဆက်လက် ထိန်းသိမ်းနိုင်ရေးအတွက် အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ကြရန်လိုအပ်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ပိုလီယိုကင်းစင်သော အခြေအနေကောင်းများကို ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ဒီဇင်ဘာ၂၅ရက်က ဘုတ်ပြင်း မြို့နယ် ရွှေသာလျောင်းဘုရား လမ်းလမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဘုတ် ပြင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင် အရာရှိ ဦးယုဝေနှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဦးခင်မောင်စိုးတို့ကြီးကြပ် ဆောင်ရွက်ကြစဉ်။

(နယ်စပ်/စည်ပင်)

မလေးရှားနိုင်ငံတွင် ကျင်းပမည့် အသက် ၂၀နှစ်နှင့်အောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘော ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်လူငယ် ဘော်လီဘောအဖွဲ့ခေါင်းဆောင် ဦးသိန်းဝင်း၊ နည်းပြ၊ ဒိုင်လူကြီးနှင့် အားကစားသမားများ ဇန်နဝါရီ ၂၂ရက်က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မထွက်ခွာမီ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (အား/ကာ)

(၃၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲကျောက်မဲမြို့၌ကျင်းပ

ကျောက်မဲ ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၃၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ အခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက် ၈နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အမှာစကားပြောကြား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းနှင့် ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးခင်မောင်မြင့်တို့က အမှာစကားပြောကြားကြပြီး ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များက နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မုဒုံမြို့နယ်ပညာရေးဌာနကကြီးမှူး ပညာရေးစုံညီပွဲတော်ကျင်းပ

မုဒုံ ဇန်နဝါရီ ၁၃

မုဒုံမြို့နယ် ပညာရေးဌာနက ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်ပညာရေးစုံညီပွဲတော် အခမ်းအနားနှင့် ဘက်စုံထူးချွန်ဆုရ ကျောင်းများနှင့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကိုဇန်နဝါရီ ၃ ရက်က မုဒုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရှင်အရဟံခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးလွင်နှင့် မြို့နယ် ပညာရေးမှူး ဦးတင့်ဇော်ထူးတို့က အမှာစကား ပြောကြားကြသည်။

ဆုချီးမြှင့်ပေးအပ်

ဆက်လက်၍ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲကို ကျင်းပရာ မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးစိုးလွင်၊ မြို့နယ် ပညာရေးမှူးဦးတင့်ဇော်ထူးနှင့် တာဝန်ရှိသူများက ဆုရအခြေခံပညာ ကျောင်းများ၊တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် လေးဘာသာ ဂုဏ်ထူးရှင်များနှင့် ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ကြည့်ရှုစစ်ဆေး

ဇန်နဝါရီ၁၂ရက်က မြဝတီမြို့ ဘုရင့်နောင်ဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲဝင်းနှင့် ဈေးတာဝန်ခံ ဦးအောင်ကိုကိုတို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကလေးဝမြို့နယ်ပြည်သူ့ဆေးရုံ ဆေးငွေပဒေသာပင်စိုက်ထူ၊ချွဲစုပ်စက်လှူဒါန်း

ကလေးဝ ဇန်နဝါရီ ၁၈

ကလေးဝမြို့နယ်ပြည်သူ့ဆေးရုံသို့ ဆေးငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲနှင့် ချွဲစုပ်စက်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ၁၄ရက် နံနက်၁၀နာရီက အဆိုပါဆေးရုံတွင် ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ဆေးငွေပဒေသာပင်များအဖြစ် ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်နှင့် ဇနီးတို့က ငွေကျပ်ငါးသောင်း၊ ကလေးဝမြို့ အမှတ်(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်းနေ ဒေါ်တင်မေမိသားစုက ကွယ်လွန်သူ ဦးအုန်းလှိုင်အား ရည်စူး၍ ငွေကျပ်နှစ်သိန်းနှင့် တမူးမြို့ စတီးလ်ဘုတ်ဆုံမ စတိုးဆိုင်က ငွေကျပ်သုံးသိန်းတန် ချွဲစုပ်စက်တစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါက်တာတင့်ရွှန်းက လက်ခံရယူပြီး **(အောက်ပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဒီဇင်ဘာ၂၈ရက်က မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင် ပြင်ရွာကျေးလက် ကျောက်ချောလမ်း အရှည် ၅၂၅၅ပေ၊ အကျယ်၁၂ပေ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးတင်နိုင်အေးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အ မြို့ မြို့ အ နယ် နယ် သ တင်း များ

မြစ်ကြီးနားမြို့တွင် မြို့တွင်းလမ်းပေါက်များ ဖာထေးပြုပြင်

မြစ်ကြီးနား ဇန်နဝါရီ ၅

မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် မဟာဗန္ဓုလလမ်းအပိုင်းကို ဒီဇင်ဘာ ၂၀ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိန်မောင်မြင့် ဦးဆောင်သော စည်ပင်ဝန်ထမ်းများ လမ်းပေါက်ဖာထေးခြင်းဆောင်ရွက်ရာသို့ မြို့နယ်အမှုဆောင်အရာရှိ ဦးအေးဆွေနှင့် တာဝန်ခံ အင်ဂျင်နီယာမှူး ဦးသိန်းမြင့်တို့ကွင်းဆင်း၍ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းစုလီမိတက်ဖွဲ့စည်း လယ်ယာလုပ်ငန်းများတိုးတက်စေရန် ငွေကျပ်သိန်း၁၅၀၀ကျော်ထောက်ပံ့

ပဲခူး ဇန်နဝါရီ ၁၄

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်ရှိ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများဖြစ်သည့် ပရိုင်း၊ မင်္ဂလွန်၊ သုံးခွ၊ စိုးအသင်းလေးသင်းကို စုပေါင်း၍ မြန်မာ့သမဝါယမ ရာပြည့်အထိမ်းအမှတ် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းစုလီမိတက်ဖွဲ့စည်းသည့် အခမ်းအနားကို ဇန်နဝါရီ၂ရက်နံနက်၁၀နာရီက စိုးစံပြစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပဲခူးတိုင်း သမဝါယမဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးကြည်ဝင်းနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒိုက်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်နှင့်အဖွဲ့ဝင်များ၊ အသင်းသားများ တက်ရောက်ကြသည်။

ထောက်ပံ့

အဆိုပါ သမဝါယမအသင်းစုလီမိတက်ပိုင် ဧက၇၀၀၀ကျော်တွင် လယ်ယာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်နှင့် လယ်ယာထွက် စပါး၊ မတ်ပဲ၊ ပဲတီစိမ်းများကို ပြည်ပပို့ကုန်တင်ပို့နိုင်ရန် ဗဟိုသမဝါယမအသင်း၊ ဗဟိုစိုက်ပျိုးရေးသမဝါယမအသင်းစုချုပ်နှင့် ထက်အာကာကျော် သမဝါယမအသင်းတို့က ငွေကျပ်သိန်းပေါင်း ၁၅၀၀ကျော် ထောက်ပံ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု ကလောဘူတာလမ်း ကတ္တရာထပ်ပိုးလွှာခင်း

ကလော ဇန်နဝါရီ ၅

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်မြို့ပြလုပ်ငန်းဖြစ်သော ကလောဘူတာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း (အရှည် ၈၇၅ပေ၊ အကျယ် ၁၂ ပေ ခန့်မှန်းကုန်ကျငွေကျပ် ၉၃၂၄၅၀)အား ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက်က ကျင်းပသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် ကလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့က အဆိုပါကတ္တရာထပ်ပိုးလွှာလမ်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(နယ်စပ်/စည်ပင်)**

သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေး ရမည်းသင်းမြို့နယ်၌ တိုးချဲ့ဆောင်ရွက်မည်

ရမည်းသင်း ဇန်နဝါရီ ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် မြို့ပေါ် ငါးရပ်ကွက်အတွင်းရှိ အိမ်ခြေ ၃၅၄၈အိမ်၊ လူဦးရေ ၁၈၅၇၈ဦးတို့အား သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ဥသျှစ်ကုန်းကျေးရွာအနီး ရှစ်လက်မ စက်ရေတွင်း သုံးတွင်းအား အနက်ပေ ၁၀၀၀အထိတူးဖော်၍ လက်ရှိရေပေးဝေနေသော ရေပေးရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ရှစ်လက်မစက်ရေတွင်း သုံးတွင်းတူးဖော်ပြီးစီးပါက လက်ရှိ မြို့ရေပေးရေးတွင် အသုံးပြုနေသော ရေဂါလန် ၁၂၀၀၀၀ဆံ့ မြေအောက်ကန်သို့ ရှစ်လက်မပိုက်များ သွယ်တန်းပေးပို့ပြီး ရေဂါလန် ၆၀၀၀၀ဆံ့ စင်မြင့်ကန်နှစ်ကန်ပေါ်သို့ တင်ပို့ပြီး မြို့ပေါ်ရပ်ကွက်များသို့ တိုးချဲ့ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ပင်လုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မွေတော်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်၊ နယ်မြေခံ တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်မြင့်နှင့်လွိုင်လင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခရိုင်တာဝန်ခံ ဦးသန့်ဇင်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (နယ်စပ်/စည်ပင်)

မိုးကုတ်မြို့ သာယာလှပရေး ပန်းအလှပင်၊ အရိပ်ရပင်များပျိုးဖြင်

မိုးကုတ် ဇန်နဝါရီ ၅

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအတွက် ဒီဇင်ဘာ၂၈ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ချို၊ တာဝန်ခံအင်ဂျင်နီယာမှူး ဦးတင်မောင်လွင်တို့ဦးဆောင်၍ စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်၊ အရိပ်ရပင်များ ပြုပြင်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

မြေချစိုက်ပျိုး

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ပန်းအလှပင် ၁၁၅၀၀၀နှင့် အရိပ်ရပင် ၃၅၀၀၀တို့ကို ပြုစုပျိုးထောင်ခဲ့ပြီး ပန်းအလှပင် ၅၇၀၀၀နှင့် အရိပ်ရပင် ၂၈၀၀၀တို့ကို မြေချစိုက်ပျိုးခဲ့ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ပန်းအလှပင်နှင့် မြေခြင်းအလှစိုက်ပျိုးနည်းများ မလှိုင်မြို့နယ်တွင် လက်တွေ့ရှင်းလင်းပြသ

မလှိုင် ဇန်နဝါရီ ၁၀

မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ရွာများ သန့်ရှင်းသာယာ လှပရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၂၁ရက်က မန္တလေးတိုင်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ မလှိုင်မြို့သာယာလှပရေး လုပ်ငန်းများအတွက် ပန်းအလှပင်များစိုက်ပျိုးနည်းစနစ်နှင့် မြေခြင်းအလှစိုက်ပျိုး နည်းစနစ်များလက်တွေ့ကွင်းဆင်း ရှင်းလင်းပြသကြသည်။

အဆိုပါ ရှင်းလင်းသရုပ်ပြပွဲသို့ မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းအောင်ခင်၊ လက်ထောက် အင်ဂျင်နီယာ ဦးမြင့်ငြိမ်းနှင့် အင်ဂျင်နီယာများ၊ ပန်းဥယျာဉ် ဝန်ထမ်းများ တက်ရောက် လေ့လာခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့် စာပေမှရရှိသည့်အကျိုးကျေးဇူး ရှင်းလင်းပြောကြား

မတ္တရာ ဇန်နဝါရီ ၆

မတ္တရာမြို့နယ် ဝေဟင်မကျေးရွာအုပ်စု ရွာတော်ကြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ရက် မွန်းတည့်၁၂နာရီက အဆိုပါကျေးရွာရှိ အမှတ်(၉၅) အမကကျောင်း၌ ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးမျိုးမြင့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရပ်/သံကျွမ်းကျင်(၃) ဒေါ်ဆွေဆွေတင့်က စာပေမှရရှိသည့် အကျိုးကျေးဇူးများနှင့် ပြန်ကြားရေးဆိုင်ရာများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်ကတ္တရာလမ်း လမ်းပေါက်များဖာထေး

လောင်းလုံ ဇန်နဝါရီ ၁၀

လောင်းလုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ကတ္တရာလမ်း မောင်းမကန်-မျှော်ရစ်ဘုရားလမ်း ကိုးမိုင်၊ သုံးဖာလုံရှိ ကျောက်ဆင်ကျေးရွာတွင် ကတ္တရာလမ်းပေါက်များ ဖာထေးခြင်းကို အမှုဆောင်အရာရှိ ဦးတင်အုံးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးပြည်ထွန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ဖွံ့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်

လမ်းပေါက်ဖာထေး

ဇန်နဝါရီ ၃ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဟိုပုံးမြို့ မြို့မ ဈေးပတ်လမ်း လမ်းပေါက် ဖာထေးခြင်း လုပ်ငန်းကို ဆောင်ရွက်စဉ်။
(နယ်စပ်/စည်ပင်)

အသိပညာပေးဟောပြောပွဲနှင့်မြန်မာ့ရိုးရာအားကစားပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၏ အသိပညာပေး ဟောပြောပွဲအခမ်းအနားနှင့် မြန်မာ့ရိုးရာအားကစားပြိုင်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ အမှတ် ၁၁၃ သံလွင်လမ်းရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကိုကျင်းပရာ ဒေါ်ယုဇနကျင်က အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ ရဲမှူးအောင်သန်းက လူကုန်ကူးမှု၊ ဒေါ်မြတ်မြတ်ကျော်က ကလေးသူငယ်များ၏ အခွင့်အရေးနှင့် လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများကို အသီးသီးဟောပြောကြသည်။

တက်ရောက်

ဟောပြောပွဲသို့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်အေး၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ ဖြစ်ကြသော ပါမောက္ခ ဒေါ်ဌေးဌေး၊ ဒေါ်ခင်မေစိုး၊ ဒေါ်ကြည်ကြည်မြ၊ ဒေါ်ပိုပိုကြည်နှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်းတို့မှ သင်တန်းသူသမီးငယ်များ စုစုပေါင်း ၁၅၀ကျော် တက်ရောက်ကြသည်။

ဆုများချီးမြှင့်

ထို့နောက် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၏ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာ့ရိုးရာ အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်း၍ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများသင်တန်းကျောင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဝက်ဘာ)တို့မှ သင်တန်းသူသမီးငယ်လေးများ၏ မြန်မာ့ရိုးရာ ထုပ်ဆီးတိုးအားကစားပြိုင်ပွဲ ကျင်းပသည်။ ထို့နောက် ဆုရရှိသူများအား လုပ်ငန်းအဖွဲ့ခေါင်းဆောင်က ဆုများချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် Air Bagan Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အောင်ပွဲရ ဂေါက်သီးရိုက် အားကစားသမားများအား MPGA နှင့် MGF ဥက္ကဋ္ဌနှင့်အတူ တွေ့ရစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

အဲယားပုဂံဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် ဇန်နဝါရီ ၂၄

Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ ပုဂံဂေါက်ကွင်း၌ ဆက်လက်ကျင်းပရာ Myanmar PGA နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် အမှုဆောင်များ၊ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇနှင့် တာဝန်ရှိသူများ၊ Air Bagan Ltd. မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံ ဂေါက်သီးရိုက်အားကစားမောင်မယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ ကျင်း ကစားအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇက အမျိုးသားအပျော်တမ်း ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆု (Daily Best)ရရှိကြသော ဂေါက်သီးရိုက်အားကစားသမားများအား လည်းကောင်း၊ Air Bagan Ltd. မန်နေဂျင်းဒါရိုက်တာ ဦးစိုးဝင်းက Professional Golfers ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆု(Daily Best) ရရှိကြသော ဂေါက်သီးရိုက်အားကစားသမားများအားလည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

ဆက်လက်၍ Air Bagan Ltd. ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ပြီး စုစုပေါင်း ၂၈၃ချက်ဖြင့် ပထမရရှိသော ဇော်ဇင်ဝင်း၊ စုစုပေါင်းအချက် ၂၉၀ ဖြင့် ဒုတိယရရှိသော ဘိုဘိုနှင့် စုစုပေါင်း ၂၉၃ချက်ဖြင့် တတိယရရှိသော သိန်းဇော်မြင့်တို့အားဆုများကို ချီးမြှင့်သည်။

ယင်းနောက် Myanmar PGA နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က Professional Golfers ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး စုစုပေါင်း ၂၈၇ချက်ဖြင့် ပထမရရှိသော စိုးကျော်နိုင်(Srixon)၊ စုစုပေါင်း ၂၈၉ချက်စီဖြင့် ပူးတွဲဒုတိယ ရရှိသော သန်းနိုင်(Wilson)နှင့် မင်းနိုင် (Srixon)တို့အား ဆုများကို ချီးမြှင့်ကြသည်။

ချက်လက်မှတ်ပေးအပ်

ဆက်လက်၍ Air Bagan Ltd. Chairman ဦးတေဇက Professional Golfers ပြိုင်ပွဲတွင် ပထမရရှိသော စိုးကျော်နိုင်(Srixon)အား ဆုကြေးငွေ ချက်လက်မှတ်ပေးအပ်ပြီး MPGA နှင့် MGF ဥက္ကဋ္ဌအား ဂုဏ်ပြုအမှတ်တရ လက်ဆောင် Thank You Plaque ပေးအပ်ကာ Air Bagan Ltd. ဒါရိုက်တာဦးမင်းသိန်းက Bagan Resort Golf Club ကိုလည်း ဂုဏ်ပြုအမှတ်တရလက်ဆောင် Thank You Plaque ချီးမြှင့်ပေးအပ်ရာ ယင်းဂေါက်ကွင်း တာဝန်ခံ ဦးအောင်မြင့်က လက်ခံရယူသည်။

တာဝန်ယူ

ယင်းပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by HAN Event Management က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ပမ္မဝတီမြစ်ကူးတံတား(မြင်းကဆိပ်)သည် သံမဏိသံပေါင် ကြိုးတံတား အမျိုးအစားဖြစ်ပြီး ပင်မတံတားအရှည် ပေ၅၄၀၊ မြောင်းမြဘက်ကမ်း ချဉ်းကပ်တံတားပေ ၃၆၀၊ ပုသိမ်ဘက်ကမ်း ချဉ်းကပ်တံတားပေ ၃၆၀ စုစုပေါင်း ပေ ၁၂၆၀ရှိသည်။ ယာဉ်သွားလမ်း အကျယ်ပေ ၂၀နှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီပါရှိသည်။ အုတ်မြစ်အမျိုးအစားမှာ ဘိုးပိုင် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ဖြစ်သည်။

ဤတံတားကြီး ပြီးစီးသွားပါက မြောင်းမြနှင့်ပုသိမ် ၃၃မိုင် တစ်ဖာလုံသာကွာဝေးတော့မည်ဖြစ်ပြီး ယခုအသုံးပြုလျက်ရှိသည့် လမ်းကြောင်းထက် အရှည် ၃၃မိုင် လျော့နည်းတိုတောင်းသွားမည်ဖြစ်သည်။

ကွန်ကရစ်ကြမ်းခင်းရန်မှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နေ့လယ်ပိုင်းတွင် မြင်းကဆိပ်တံတားမှ ပုသိမ်–မြောင်းမြလမ်း၊ မြောင်းမြ–အိမ်မဲလမ်း၊ ဝါးခယ်မ–ကျွန်းကုန်းလမ်း၊ ပန်းတနော်–ရွှေလောင်း–ဝါးခယ်မလမ်းတစ်လျှောက် လမ်းအခြေအနေနှင့်လမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို စစ်ဆေးကြည့်ရှုပြီး ပန်းတနော်–ရွှေလောင်း–ဝါးခယ်မလမ်းမိုင်တိုင် ၃၂/၀ ရှိ အရှည်၁၄၈ပေ ၄က်ပျော့စုတံတားပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းသို့ရောက်ရှိခဲ့ရာ ဝါးခယ်မ မြို့နယ်အင်ဂျင်နီယာဦးမြင့်ဦးက လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက တံတားကြမ်းခင်းကွန်ကရစ်မခင်းမီ အာပီတီတံတားသံပေါင်များအား ထပ်မံစစ်ဆေး၍ လိုအပ်ချက်များပြုပြင်ပြီးမှ ကွန်ကရစ် ကြမ်းခင်းလုပ်ငန်းများ ဆောင်ရွက်ရန်မှာကြားသည်။ **(သတင်းစဉ်)**

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/အခွန်နှင့် စီးပွား/ကူးသန်းအနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ စီးပွား/ကူးသန်းအသင်းက မလိခအသင်းကို ခြောက်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

နှစ်ဂိုး–တစ်ဂိုး

လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် လယ်ယာထွက်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဘဏ္ဍာ/အခွန်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲ

ဇန်နဝါရီ၂၅ရက်**(ယနေ့)**ညနေ ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ဆောက်လုပ်ရေးအသင်းနှင့် သစ်တောရေးရာအသင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကမ္ဘောဇအသင်းနှင့် ပတ္တမြားနဂါးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

အေစီမီလန်က လီဗော်နိုကို တစ်ဂိုး–ဂိုးမရှိဖြင့်ရှုံး ဂျူဗင်းတပ်စ်နိုင်ပွဲရပြီး အေစီမီလန်ကို ငါးမှတ်ဖြတ်ထားခဲ့

ရောမ ဇန်နဝါရီ ၂၄

အီတလီစီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၀)ကိုဇန်နဝါရီ ၂၂ရက်နှင့် ၂၃ရက်များက ဆက်လက်ကျင်းပခဲ့ရာ ဂျူဗင်းတပ်စ်က ဘရက်ရှားကို အနိုင်ရပြီး အေစီမီလန်က လီဗော်နိုကို တစ်ဂိုး–ဂိုးမရှိဖြင့်ရှုံးကာ အင်တာမီလန်က ချီယေးဗိုနှင့်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ကြသည်။

ဂျူဗင်းတပ်စ်နှင့်ဘရက်ရှား

ဂျူဗင်းတပ်စ်တို့ အိမ်ကွင်းဒယ်လီအယ်ပီ၌ ထိုက်ထိုက်တန်တန်အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဧည့်သည်ဘရက်ရှားအသင်းကို ပိုမိုထိုးဖောက်တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။ ဘရက်ရှားက ဂျူဗင်းတပ်စ်မှ ထရက်ဇီဂေး၊ အီဘရာဟီမိုဗစ်နှင့်နက်ဗက်တို့၏ ထိုးဖောက်မှုများကို အကြိမ်ကြိမ်ဟန့်တားရင်းမှ ပွဲချိန် ၁၂မိနစ်တွင် ဂျူဗင်းတပ်စ်အတွက် ထရက်ဇီဂေးက တစ်ဂိုးသွင်းယူပေးပြီး ပွဲချိန်၄၃မိနစ်တွင် ဘရက်ရှားမှ ဒိုမက်ဇီက ဘောလုံးဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်ပြန်သွင်းသလိုဖြစ်ပြီး တစ်ဂိုးရရှိခဲ့၍ နှစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲ အနိုင်ရရှိလိုက်သဖြင့် ဂျူဗင်းတပ်စ်က တန်းစီဇယားဒုတိယနေရာတွင်ရှိနေသော အေစီမီလန်ကို ငါးမှတ်အသာဖြင့် ရှေ့မှဦးဆောင်နေသည်။

အီတလီစီးရီးအေ ပွဲစဉ်(၂၀) အဖြစ် ဂျူဗင်းတပ်စ်နှင့်ဘရက်ရှားတို့ပွဲတွင်ဂျူဗင်းတပ်စ် ရှေ့တန်းတိုက်စစ်မှူး ထရက်ဇီဂေး ခေါင်းတိုက် ဂိုးသွင်းရန် ကြိုးစားစဉ်။ (ဓာတ်ပုံ–အင်တာနက်)

လီဗော်နိုနှင့်အေစီမီလန်

အေစီမီလန်တို့ အဝေးကွင်း၌ ပထမဆုံးအကြိမ် ရှုံးပွဲနှင့်ကြုံတွေ့ခဲ့ရပြီဖြစ်သည်။ အေစီမီလန်တို့ ယခုပွဲကို လူစုံထုတ်ကစားခဲ့သော်လည်း မမျှော်လင့်ဘဲ ခြေစွမ်းပြနေသောလီဗော်နိုက ပွဲချိန် ၂၉မိနစ်တွင် ကော်ရာဒိုကိုလံဘိုက အဖွင့်ဂိုးသွင်းယူပြီး ယင်းတစ်ဂိုးတည်းဖြင့်ပင် အနိုင်ရရှိသွားခဲ့ခြင်းဖြစ်သည်။ အေစီမီလန်တို့ ချေပဂိုးရရှိရေးကြိုးစားသော်လည်း ဂိုးမရရှိသည့်အပြင် ပွဲချိန် ၈၂မိနစ်တွင် ကြမ်းတမ်းစွာကစားမှုကြောင့် နက်စတာ အနီကတ်ပြအထုတ်ခံခဲ့ရသည်။

အခြားပွဲရလဒ်များ

လာဇီယို	၁	–	၂	ဆမ်ဒိုးရီးယား
လက်ချီ	၁	–	၀	အတ္တလန္တာ
မက်ဆီနာ	၁	–	၀	ပါးမား
ဆီနာ	၀	–	၀	ပါလာမို
အူဒီးနီးစ်	၀	–	၂	ရက်ဂျီးနား
ဘိုလော့နာ	၁	–	၀	ကယ်ဂလီယာရီ
အင်တာမီလန်	၁	–	၁	ချီယေးဗို

(အင်တာနက်)

ဇန်နဝါရီ ၂၄ ရက်က ရွှေတိဂုံ ရေကြည်တော်ဝတ်အသင်း(ရန်ကုန်)၏ ဩဝါဒါစရိယ ဆရာတော်ကြီးများပူဇော်ပွဲနှင့် အသင်းနာယကများ၊ သက်ကြီးအမှုဆောင်များဂါရဝပြုပွဲကို ရွှေတိဂုံ ရင်ပြင်တော်ရှိ ရေကြည်တော်ဝတ်အသင်း တန်ဆောင်းတွင် ကျင်းပစဉ်။ (မြန်မာ့အလင်း)

ဇန်နဝါရီ ၂၃ ရက်က အလုံမြို့နယ် အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ နှင့် မိသားစု တို့အား အမှူးထား၍ အလုံမြို့နယ် မဟာအောင်ဗောဓိဆု တောင်းပြည့် ဘုရား ပဋ္ဌမ အကြိမ်မြောက် အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းပွဲကို ယင်းဘုရားဝင်းအတွင်း၌ ကျင်းပစဉ်။ (က-ပ)

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ကျိုက်ထိုမြို့ မွန်ပြည်နယ်
ကြေညာချက်

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ၂၀၀၄-၂၀၀၅ခုနှစ် ဘုရားပွဲတော်ကာလတွင် သိမ်းဆည်းထားသည့် အောက်ဖော်ပြပါပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ၂၆-၁-၂၀၀၅ရက် ရုံးချိန်အတွင်း ကျိုက်ထီးရိုးဂေါပကအဖွဲ့ရုံး ကင်မွန်းစခန်း၌ တင်ဒါလက်ခံမည်ဖြစ်ပြီး ၂၇-၁-၂၀၀၅ရက် နံနက် ၁၁ နာရီတွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

တင်ဒါရောင်းချမည့်ပစ္စည်းများ

၁။	ရွှေလှောင်စက္ကူ(မွေခွံအိတ်)ဖြင့်	- ၁၀၃ အိတ်
၂။	ကြောင်ချေးသုတ်ဖတ်(မွေခွံအိတ်)ဖြင့်	- ၁/၂ အိတ်
၃။	ကံမြေ (မွေခွံအိတ်)ဖြင့်	- ၃၇ အိတ်

ကျိုက်ထီးရိုးဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ကင်မွန်းစခန်း။



ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်စာစောင် အုပ်၇၈၀၀ လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၄

‘ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့’ ဆောင်ပုဒ်ကို အကောင်အထည်ဖော်ဆောင်ရွက်သောအားဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးပံ့ပိုးဆောင်ရွက်နေသည့် လောကတ္ထစာရိယဖောင်ဒေးရှင်းက ကိုယ့်အားကိုယ်ကိုး ဖွင့်လှစ်တည်ထောင်ပေးထားသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် လက္ခဏကျေးရွာ စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်စာစောင်ပေါင်း အုပ်၁၀၀၀၊ ကော့စိန်ဘန် (အထက်ကျေးရွာ) စာကြည့်တိုက်အတွက် အုပ်၁၀၀၀၊ လှိုင်းဘွဲ့မြို့နယ် ထော်ရွဲကျေးရွာစာကြည့်တိုက်အတွက် အုပ် ၆၀၀၊ မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် လှေဝန်းကျေးရွာအတွက် အုပ် ၁၅၀၀၊ ဧကရာဇ်ကျေးရွာအတွက် အုပ်၈၀၀၊ ငွေးရန်းကျေးရွာအတွက် အုပ် ၈၀၀၊ ဧရာဝတီတိုင်း ဓနုဖြူမြို့နယ် ကညင်ကောက်ကျေးရွာအတွက် အုပ် ၉၀၀၊ ပန်းတနော်မြို့နယ် လေးအိမ်စုကျေးရွာအတွက် အုပ်၅၀၀၊ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဒါးပိန်ကျေးရွာအတွက် အုပ်၇၀၀ စုစုပေါင်း စာအုပ်စာစောင် အုပ်၇၈၀၀ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၈နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် လက္ခဏကျေးရွာ လောကတ္ထစရိယစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ စာအုပ်လှူဒါန်းပွဲသို့ လောကတ္ထစရိယဖောင်ဒေးရှင်းအဖွဲ့ နာယက ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် သုဓမ္မဇောတိကဓဇ ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်)၊ ဒေသခံပြည်သူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၄

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပမည့် ‘အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ-၂၀၀၅ မြန်မာ’ အတွက် ကြိုတင်ညှိနှိုင်းမှုများ ပြုလုပ်ရန် ရောက်ရှိနေသော အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အတွင်းရေးမှူး၊ အာရှ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Abdul Halim Bin Kader ဇန်နဝါရီ ၁၇ ရက်က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာရာ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(က-ပ)

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
အသုံးပြုရန်လိုအပ်သော ရုပ်မြင်သံကြားလွှင့်စက်များဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ရုပ်မြင်သံကြားလွှင့်စက်ပစ္စည်းများကို ဝယ်ယူလိုပါသည်။

(က)	100 W TV TX Equipment	(2) Sets
(ခ)	50 W TV TX Equipment	(1) Sets

၂။ တင်ဒါပေးသွင်းမှုကို ၄-၂-၂၀၀၅ရက် (၁၆း၃၀)နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၅၆၂၄၊ ၂၄၅၆၃၁၊ ၂၄၅၆၄၅။



မြို့ပြနှင့် ကျေးလက်လမ်း ဝန်းသိုမြို့၌ ဆောင်ရွက်

ဝန်းသို ဇန်နဝါရီ ၁၅

စစ်ကိုင်းတိုင်း ဝန်းသိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ် မြို့ပြနှင့် ကျေးလက်လမ်းလုပ်ငန်းများဖြစ်သည့် မြသန္တာရပ်ကွက် အမှတ်(၁)လမ်း ကတ္တရာခင်းခြင်း အရှည်ပေ ၇၀၀၊ အကျယ်၁၂ပေ၊ ပညာရေးမှူးရုံးလမ်း ကတ္တရာခင်းခြင်း အရှည်ပေ ၅၀၀၊ အကျယ်၁၂ပေ၊ သင်တိုင်းတောင်ပေါ် ကျောက်ချောလမ်း အရှည်ပေ ၅၀၀၀၊ အကျယ် ၁၅ပေ၊ သဗ္ဗသုခ တောင်ပေါ် မြေသားလမ်း အရှည်ပေ ၃၀၀၀၊ အကျယ် ၁၅ပေ၊ ဝန်းသိုအောင်ကုန်းရွာ မြေသားလမ်းအရှည် ပေ၃၅၀၀၊ အကျယ် ၁၅ပေနှင့် အာမခံ–ပန်းထိမ်ကုန်း–ခပ်ချိုမြေသား လမ်း အရှည် ပေ၅၀၀၊ အကျယ် ၁၂ပေတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ကော့သောင်းမြို့၌ ဇန်နဝါရီ၃ရက်က ကျင်းပရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းသန်းငွေက စံပြမိခင်ဆုရမိခင်တစ်ဦးအား ဆုချီးမြှင့်စဉ်။ (၃၈၉)

သုံးခွမြို့နယ် ကျေးရွာအမကကျောင်းဆောင်သစ် အုတ်မြစ်ချ ငွေကျပ်သိန်း ၁၃၀အကုန်အကျခံ ဆောင်ရွက်မည်

သုံးခွ ဇန်နဝါရီ ၂၂

သုံးခွမြို့နယ် ကတုံးပေါ်အထက်ကျေးရွာ၌ ကျပ်သိန်း ၁၃၀တန်ဖိုးရှိ အခြေခံပညာမူလတန်းကျောင်းဆောင်သစ် အုတ်မြစ်ချပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ရက် နံနက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး၊ ကျေးရွာဥက္ကဋ္ဌနှင့် အလှူရှင်များက အုတ်မြစ်စီ မြှုပ်နှံပေးကြသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို အလှူရှင်များဖြစ်ကြသည့် ဦးလှတင်–ဒေါ်ကြင်နွဲ့ မိသားစုတို့က ငွေကျပ် ၁၀သိန်း၊ ဦးစိန်ဝင်း–ဒေါ်ဝင်းတင် မိသားစုတို့က ငွေကျပ် ၁၀ သိန်း၊ ဦးစိန်လှိုင်–ဒေါ်အုန်းမြင့် မိသားစုတို့ကငွေကျပ်၁၀ သိန်း၊ ဦးထွန်းကြိုင်–ဒေါ်မြရီမိသားစုတို့က ငွေကျပ်၁၀သိန်း၊ ဦးဝင်းကြိုင်–ဒေါ်မြင့်ကြည်တို့က ငွေကျပ်၁၀သိန်း၊ ဦးရေဝင်း–ဒေါ်သန်းကြည် မိသားစုတို့က ငွေကျပ်၁၀သိန်း၊ ဦးစိန်မောင်ကြီး–ဒေါ်သိန်းလှ မိသားစုတို့က ငွေကျပ်၁၀ သိန်း၊ ဦးရွှေရိုး–ဒေါ်စိန်တင်မိသားစုတို့က ငွေကျပ်၁၀သိန်းနှင့် ကျေးရွာပြည်သူများက လှူဒါန်းငွေကျပ်သိန်း၅၀ စုစုပေါင်း ငွေကျပ်သိန်း ၁၃၀အကုန်အကျခံကာ ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။ (၁၃၇)

ဒီဇင်ဘာ ၁၅ရက်က ရေတာရှည်မြို့ အောင်မြန်မာလမ်း၊ ရှင်စောပုလမ်း၊ အောင်ဇေယျလမ်း၊ မြို့ဦးလမ်းနှင့် ကန်သာလမ်းကတ္တရာလမ်းပြုပြင်ခြင်းကို အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်မြင့်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

မလှိုင်မြို့နယ် မုံပင်အထက ရွှေရတုအခမ်းအနားကျင်းပ

မိတ္ထီလာ ဇန်နဝါရီ ၂၀

မိတ္ထီလာခရိုင် မလှိုင်မြို့နယ် မုံပင်အခြေခံပညာအထက်တန်းကျောင်း၏ နှစ်(၅၀)မြောက် ရွှေရတုသဘင် အခမ်းအနားကို ဇန်နဝါရီ၁၅ရက်က မုံပင်အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်း၊ မလှိုင်မြို့နယ် ပညာရေးမှူး ဦးဗိုလ်လှိုင်နှင့် မုံပင် အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာကြီး ဦးတင်မောင်လှတို့က ရွှေရတုမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

ထို့နောက် အငြိမ်းစားဆရာကြီး ဆရာမကြီး ၂၆ဦးတို့အား ကျောင်းသူကျောင်းသားဟောင်းများက ကန်တော့ကြပြီး ဂုဏ်ပြုပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေရတုသဘင် အခမ်းအနားအဖြစ် ကျောင်းသားကျောင်းသူများက ပဒေသာကပွဲ၊ ရွှေရတုသဘင် အထိမ်းအမှတ် ဆွမ်းကပ်ပွဲ၊ ရွှေရတု အားကစားပြိုင်ပွဲများနှင့် ရွှေရတု ဆွမ်းဆန်စိမ်းလောင်းလှူပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြကြောင်း သိရသည်။ (၄၁၄)

အမြို့မြို့ အနယ်နယ် သတင်းများ

ဆင်ဘိုမြို့ ကျေးရွာစာကြည့်တိုက်ဖွင့် အလှူငွေနှင့် စာအုပ်မျိုးစုံ လှူဒါန်း

ဆင်ဘို ဇန်နဝါရီ ၁၃

ဆင်ဘိုမြို့ ညောင်ပင်သာ ငှက်ပျောတောကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျေးရွာကိုယ့်အားကိုယ့်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဒီဇင် ဘာ၂၇ရက် မွန်းလွဲ ၂နာရီကကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မြတ်ထက်ဇော်နှင့် ဒုရဲအုပ်ကျော်ကျော်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ဗိုလ်မြတ်ထက်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုသန့်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ ဂျာနယ် စာအုပ်မျိုးစုံ အုပ် ၅၀၊ ဗိုလ်မြတ်ထက်ဇော်က အလှူငွေကျပ် ၁၀၀၀၀၊ ဒုရဲအုပ်ကျော် ကျော်အောင်က အလှူငွေကျပ် ၁၀၀၀၀၊ ဦးမိုးနိုင် (Beauty Strong) ဆောက်လုပ်ရေးကုမ္ပဏီက အလှူငွေကျပ် ၂၀၀၀၀၊ ရပ်ကွက်အတွင်းရေးမှူး ဦးမင်းလွင်က အလှူငွေကျပ် ၅၀၀၀၊ ငှက်ပျောတောဆိပ်ကမ်းခွန်အဖွဲ့က အလှူငွေကျပ် ၁၀၀၀၀၊ ဦးညီညီက သုတ၊ ရသစာအုပ်မျိုးစုံ ၁၈အုပ်နှင့် အလှူငွေကျပ် ၁၀၀၀၀လှူဒါန်းကြရာ စာကြည့်တိုက်တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇန်နဝါရီ ၁ရက်က ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးအတွင်း၌ မြို့နယ်စည် ပင် သာ ယာ ရေး အ ဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးထွန်းထွန်းက ခြင်ဆေးဖျန်းခြင်း နည်းစနစ်ကို ရှင်းလင်းပြီး လက်တွေ့သရုပ်ပြသစဉ်။

(မြို့နယ်စည်ပင်)

ဒီဇင်ဘာ ၁၁ရက်က မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မြိုင်ရတနာဈေးအတွင်း ပိုးမွှားကာကွယ်ရေး ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။ (၁၆၈)

ကြီးကြပ် ဆောင်ရွက်

လက်ပံတန်းမြို့ မြို့မရပ်ကွက် (၂)လမ်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၁၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် လမ်းသူလမ်းသားများ စုပေါင်း၍ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးနေမန်းနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်စပယ်ချစ်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နောင်ကျောက်လမ်း ရေနုတ်မြောင်းတူးဖော် ဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၇ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးနှင့်အဖွဲ့က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်ကျော်က ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

ပညာ့အလင်းစာကြည့်တိုက်ဖွင့် စာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်း

မိုင်းရယ် ဇန်နဝါရီ ၅

လားရှိုးခရိုင် မိုင်းရယ်မြို့နယ် ဟိုယကျေးရွာအုပ်စုနှင့် နမ့်တုံးကျေးရွာအုပ်စုတွင် ဒီဇင်ဘာ ၃၀ရက်နံနက်က ပညာ့အလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ ပညာ့အလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးနောက် မိုင်းရယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်တင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦးက ကျေးလက်စာကြည့်တိုက် ဖွင့်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက စာကြည့်တိုက်နှင့် ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားတွင် လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာအုပ် ၁၀၀၊ မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ် ၅၀နှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မန္တလေးခရိုင်မီးသတ်ဦးစီးအရာရှိ
သီရိဟေမာအရှေ့အိမ်တော်ရာမီးသတ်စခန်းကြည့်ရှုစစ်ဆေး

မန္တလေး ဇန်နဝါရီ ၁၅

မန္တလေးတိုင်းမီးသတ်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်အလိုက် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိကြရာ ဇန်နဝါရီ ၁၀ရက်က မန္တလေးခရိုင်မီးသတ်ဦးစီးအရာရှိ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများသည် ချမ်းအေးသာစံမြို့နယ် သီရိဟေမာ အရှေ့ အိမ်တော်ရာမီးသတ်စခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ခရိုင်မီးသတ်ဦးစီးအရာရှိနှင့်အဖွဲ့အား စခန်းအစည်းအဝေးခန်းမတွင် ရပ်ကွက်ဥက္ကဋ္ဌဦးချစ်ထွန်း၊ တပ်စုမှူးမြင့်အောင်တို့က ရပ်ကွက်မီးဘေး ကြိုတင်ကာကွယ်ရေးစီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ခရိုင်ဦးစီးအရာရှိသည် မီးသတ်ယာဉ်တောင့်တင်းခိုင်မာမှု၊ မီးသတ်ရေစင်၊ မီးသတ်ရေငုတ်များ ရေရရှိမှုအခြေအနေ(**အပေါ်ဝဲပုံ**)နှင့် စားသောက်ဆိုင်များတွင် မီးဖိုမီးသုံးစွဲမှု၊ လျှပ်စစ်ဝါယာကြိုးသုံးစွဲမှုနှင့် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ သဲပုံးနှင့်ရေပုံးများထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(၁၆၂)**

တပ်ကုန်း မြို့နယ် ကျေးရွာအလကကျောင်းခွဲဖွင့် ကျောင်းဆောင်သစ် အုတ်မြစ်ချပွဲကျင်းပ

တပ်ကုန်း ဇန်နဝါရီ ၁၅

တပ်ကုန်းမြို့နယ် ထုံးဖိုအုပ်စု၊ ထုံးဖိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်အုတ်မြစ်ချ မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၆ရက် နံနက် ၉နာရီက ထုံးဖိုကျေးရွာတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးအောင်မှတ်နှင့် မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အုတ်မြစ်စီအခမ်းအနား ကျင်းပသည်။ ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးအောင်မှတ်က အမှာစကားပြောကြားပြီး ပညာရေးဆိုင်ရာများကို မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးက ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တာချီလိတ်လေဆိပ်သွားလမ်း သာယာလှပရေးအတွက် လမ်းဘေးဝဲယာတစ်လျှောက် ပလက်ဖောင်းကပ်တုံးအရှည်ပေ ၃၆၀၀ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဆောင်ရွက်

ဒီဇင်ဘာ ၂၆ ရက်က မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း ဆောင်ရွက်သော မေတ္တာလမ်းအရှည် ၁၁၉၅ ပေ၊ အကျယ် ၁၂ ပေ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။ (မြို့နယ်စည်ပင်)



ပခုက္ကူခရိုင် မြိုင်မြို့နယ် ကိုင်းတောမ အခြေခံပညာအထက်တန်းကျောင်းတွင် ဒီဇင်ဘာ ၁၀ရက်က နိုင်ငံသားအရည်အချင်းပြည့်မီသော ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးရှင်ခန့်ထန်က ကျောင်းအုပ်ဆရာကြီး ဦးတင်ဦးထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (၄၁၃)

သန့်ရှင်းသာယာလှပရေး မြို့လုံးကျွတ်ဆောင်ရွက်

ဆော့လော် ဇန်နဝါရီ ၁၀

ဆော့လော်မြို့ သန့်ရှင်းသာယာလှပစေရေးအတွက် ဒီဇင်ဘာ၂၆ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ဇင်သန်း ဦးဆောင်၍ မြို့အတွင်း၌ မြို့လုံးကျွတ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ်စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဒီဇင်ဘာ ၂၈ရက်က အမရပူရ တောင်သမန်ကန်ပတ်လမ်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက အမှိုက်သိမ်းခြင်း၊ ချုံနွယ်များရှင်းလင်းခြင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသိန်းအောင်နှင့် ဦးစီးအရာရှိ ဒေါ်သန်းဆွေတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၃၁၃)

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ပုသိမ် ဇန်နဝါရီ ၁၅

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် မီးဘေးလုံခြုံရေးအတွက် ဇန်နဝါရီ ၉ ရက်က ပုသိမ်မြို့ မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလက်တွေ့သရုပ်ပြလေ့ကျင့်ဆောင်ရွက်မှုကို အဖွဲ့ရုံးမှ ဒုတိယဦးစီးမှူး ဦးမင်းဇော်(ဈေး)၊ မြို့နယ် မီးသတ်တပ်ဖွဲ့မှူး ဦးအောင်ဇင်နှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

တမူးမြို့ ပြည်တော်သာလမ်းအပိုင်း(၁)ကတ္တရာခင်း ငွေကျပ် ၁၅သိန်းကျော် အကုန်အကျခံဆောင်ရွက်

တမူး ဇန်နဝါရီ ၈

စစ်ကိုင်းတိုင်း တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခုနှစ် မြို့ပြ လုပ်ငန်းများဖြစ်သည့် မြို့တွင်းလမ်း များအား မြေသားလမ်းမှ ကတ္တရာလမ်းသို့ အဆင့်တိုးမြှင့် ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက် လျက်ရှိရာ ပြည်တော်သာလမ်းအပိုင်း(၁)အား မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်း ဆောင်ရွက်မှုကို ဒီဇင်ဘာ ၂၄ရက်က တမူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်က ကွင်းဆင်း ကြည့်ရှု စစ်ဆေးသည်။ **(ဝဲပုံ)**

အဆိုပါမြို့တွင်းလမ်းများ ခင်းရာတွင် ပြည်တော်သာလမ်းအပိုင်း(၁) ကတ္တရာခင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၇၈၀၀၀၀နှင့် ပြည်သူများထည့်ဝင်ငွေကျပ် ၈၀၀၀၀၀ စုစုပေါင်းငွေကျပ် ၁၅၈၀၀၀၀ တို့ဖြင့် အကုန်အကျခံ၍ လမ်းအရှည် ၄၈၅ပေ၊ အကျယ် ၁၂ပေဆောင်ရွက်မှုလုပ်ငန်းအား တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးသန်းလွင်တို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်က ပြည်တော်သာလမ်း အပိုင်း(၁)ကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

(၁၅)နှစ်ပြည့် မင်္ဂလာဆုတောင်း

ဦးတင်ဝင်း (တက်မကိုင် ဆင်ပေါက်(၁၀)ရေနံသယ်ပို့)နှင့် **မခင်အုန်းမြင့်(ခ) မယု** တို့၏ ၂၅-၁-၂၀၀၅ရက်တွင် ကျရောက်သော မင်္ဂလာနေ့မှသည် နှစ်ပေါင်း များစွာတိုင် အောင်မြင်ပျော်ရွှင်သော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ။

ဦးကျော်မြင့်-ဒေါ်တင်တင်ညို ကန်တော်လေး။

ပညာရေးဝန်ကြီးဌာန
အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
ဒီပလိုမာသင်တန်းများအတွက်သင်တန်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန အမျိုးသားလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနမှ အောက်ဖော်ပြပါ ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်ပို့ချမည်ဖြစ်သဖြင့် သတ်မှတ်သည့် အရည်အချင်းပြည့်စုံသူများ အချိန်မီ လျှောက်ထားနိုင်ကြောင်း ကြေညာပါသည်။

စဉ်	ဒီပလိုမာသင်တန်းအမည်	
၁။	**Diploma in Software Engineering**	**အမှတ်စဉ်(၂၀)**
၂။	**Diploma in Network Engineering**	**အမှတ်စဉ်(၁၅)**
၃။	**Diploma in Hardware Engineering**	**အမှတ်စဉ်(၁၅)**

၂။ လျှောက်ထားရန် လိုအပ်သည့် အရည်အချင်းများ

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်(သို့) အခြေခံပညာအထက်တန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ရရှိထားသူဖြစ်ရမည်။ (လက်မှတ်မူရင်းနှင့်မိတ္တူပူးတွဲတင်ပြရန်)

၃။ အသေးစိတ်အချက်အလက်များကို အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရာစုသစ်အရင်းအမြစ် ဖွံ့ဖြိုးမှုဌာန၊ ဗိုလ်တထောင်ဘုရားလမ်း (ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား)

ဗိုလ်တထောင်မြို့နယ်၊ ဖုန်းအမှတ်-၂၉၁၉၁၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၄။ လျှောက်လွှာလက်ခံမည့်အစီအစဉ်

(က) လျှောက်လွှာစတင်လက်ခံမည့် နေ့ရက်နှင့် လျှောက်လွှာပိတ်မည့်နေ့ရက်

(၁) *Diploma in Software Engineering

(၂) **Diploma in Network Engineering

(၃) *Diploma in Hardware Engineering

၁-၂-၂၀၀၅ ရက်နေ့မှ ၁၁-၂-၂၀၀၅ ရက်နေ့ထိ

အတွင်းရေးမှူး။



လှကေသွယ် အလှပြုပြင်ရေး

B.V.Sc (Final Part I, B.Sc Chem;)

ဆံပင်နှင့်မိတ်ကပ် အလှပြုပြင်ရေးသင်တန်းသူများခေါ်ယူခြင်း၊ သင်တန်းစတင် ဖွင့်လှစ်ရက် ၂၈-၁-၂၀၀၅။

Sec : (A) ၉မှ ၁၂ နာရီ နံနက်ပိုင်း(တနင်္လာမှသောကြာ)

(B) ၁ မှ ၅ နာရီမွန်းလွဲပိုင်း(တနင်္လာမှသောကြာ)

(C) ၉ မှ ၅ နာရီ (စနေ၊တနင်္ဂနွေ)

သင်တန်းကာလ ၂ လ။ သင်တန်းကြေး- ကျပ်ခြောက်သောင်း

အထူးရက်တို (၁၀) ရက်သင်တန်း ကျပ်တစ်သိန်းခွဲ

အိမ်အရောက်(၂၀) ရက်သင်တန်း-ကျပ်သုံးသိန်း

အမှတ်(၂၁၅)၊ ပထပ်၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်။ (ကျောက်မြောင်းဈေးမှတ်တိုင်ရှေ့) ဖုန်း-၅၅၉၉၇၆။

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၅)ဖြင့် ၄-၁-၂၀၀၅ ရက်တွင် **လူမှုထူးချွန်(တတိယဆင့်)** ချီးမြှင့်ခြင်းခံရသော

ဦးဘသန်း (ခ) ဦးမောင်မောင်လောက်

အမှတ် ၈၀၊ မြကန်သာလမ်း၊ တောင်ကြီးမြို့အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။ ဆက်လက်၍ ပြည်နယ်အားကစားအကျိုး၊ နိုင်ငံအားကစားအကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးထင်ဝင်းကျော်-ဒေါ်မြင့်မြင့်ဦး(ခ)ဖြူဖြူဟန်
ကျော်ဟိုးမိသားစု ကျောက်မျက်ကုမ္ပဏီ၊
တော်ဝင်ဖိနပ်ဆိုင်(တောင်ကြီးဆိုင်ခွဲ)
ကန်တော်ရပ်၊ မိုးကုတ်မြို့။

လှိုင်ကော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မင်္ဂလာရပ်ကွက် ကံ့ကော်လမ်း လမ်းပေါက်ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇန်နဝါရီ၂ရက်က တာဝန်ခံအင်ဂျင်နီယာ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။(နယ်စပ်/စည်ပင်)

ဝက်လက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်

ဝက်လက် ဇန်နဝါရီ ၁၅

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးအပ် ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ရက် မွန်းတည့် ၁၂နာရီက အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ကျင်းပသည်။

ရှေးဦးစွာ ထူးချွန်ကျောင်းသားကျောင်းသူများက ပညာရေး စုံညီပွဲတော်ကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ရွှေနှင့် တာဝန်ရှိသူများနှင့်အတူ ကျောင်းသားကျောင်းသူများက ကဏ္ဍအလိုက်စွမ်းရည်ပြခြင်းတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပညာရည်ချွန်ထူးချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ရွှေနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ် ချီးမြှင့်ကြကြောင်း သိရသည်။ **(က-ပ)**

မန်တုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝဏ္ဏအောင် ဦးဆောင်၍ ဒီဇင်ဘာ၁၅ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ပြည်သူများစုပေါင်း၍ မြို့တွင်းလမ်းဘေးဝဲယာတစ်လျှောက်တွင် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၂၆-၁-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

❑ နံနက် ၉:၀၀နာရီမှ ၁၀:၄၅ထိ - သမိုင်း
  နံနက် ၁၀:၄၅နာရီမှ ၁၁:၃၀ထိ - စိတ်ကြိုက်မြန်မာစာ
  နေ့လယ် ၁၁:၃၀နာရီမှ ၁၃:၀၀ထိ - ခေတ္တရပ်နားချိန်
  နေ့လယ် ၁၃:၀၀နာရီမှ ၁၄:၃၀ထိ - ပထဝီဝင်

- ၂၀၀၅ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများ

မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ

၂၇-၁-၂၀၀၅ (ကြာသပတေးနေ့)

❑ အမျိုးနှင့် အမျိုးစောင့်တရား
- ပထမနှစ်အထူးပြုအားလုံး နေ့ကျောင်းသား ကျောင်းသူများ ပုဂံခေတ်လူ့အဖွဲ့အစည်း
- တတိယနှစ်မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ Translation Studies
- မဟာဝိဇ္ဇာအရည်အချင်းစစ် အင်္ဂလိပ်စာအထူးပြု Psycholinguistics
- ဒုတိယနှစ်မဟာဝိဇ္ဇာ အင်္ဂလိပ်စာအထူးပြု

၂၈-၁-၂၀၀၅ (သောကြာနေ့)

❑ ပုစွန်အကြောင်းသိကောင်းစရာ
- အများပြည်သူများ Soaps and Detergents (Soaps)
- တတိယနှစ်ကုန်ထုတ် ဓာတုဗေဒ၊ ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများ Detergents
- တတိယနှစ်ကုန်ထုတ် ဓာတုဗေဒ၊ ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများ

နံနက် ၉နာရီမှ ညနေ ၄ နာရီအထိ

၂၉-၁-၂၀၀၅ (စနေနေ့)

❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၃၀-၁-၂၀၀၅ (တနင်္ဂနွေနေ့)

❑ အဝေးသင်တက္ကသိုလ် ကျောင်းသား/ကျောင်းသူများအတွက် သင်ခန်းစာများ

၃၁-၁-၂၀၀၅ (တနင်္လာနေ့)နှင့် ၅-၂-၂၀၀၅ (စနေနေ့)

❑ နံနက် ၉:၀၀နာရီမှ ၁၀:၂၅ထိ - မြန်မာစာ
  နံနက် ၁၀:၂၅နာရီမှ ၁၁:၁၀ထိ - အင်္ဂလိပ်စာ
  နေ့လယ် ၁၁:၁၀နာရီမှ ၁၂:၀၀ထိ - သင်္ချာ
  နေ့လယ် ၁၂:၀၀နာရီမှ ၁၃:၀၀ထိ - ခေတ္တရပ်နားချိန်
  နေ့လယ် ၁၃:၀၀နာရီမှ ၁၅:၁၃ထိ - ဇီဝဗေဒ

- ၂၀၀၅ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများ

၁-၂-၂၀၀၅ (အင်္ဂါနေ့)နှင့် ၆-၂-၂၀၀၅ (တနင်္ဂနွေနေ့)

❑ နံနက် ၉:၀၀နာရီမှ ၁၁:၀၀ထိ - ဓာတုဗေဒ
  နေ့လယ် ၁၁:၀၀နာရီမှ ၁၁:၃၀ထိ - ဘောဂဗေဒ
  နေ့လယ် ၁၁:၃၀နာရီမှ ၁၃:၀၀ထိ - ခေတ္တရပ်နားချိန်
  နေ့လယ် ၁၃:၀၀နာရီမှ ၁၅:၅၀ထိ - ရူပဗေဒ

- ၂၀၀၅ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများ

၂-၂-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

❑ နံနက် ၉:၀၀နာရီမှ ၁၀:၄၅ထိ - သမိုင်း
  နံနက် ၁၀:၄၅နာရီမှ ၁၁:၃၀ထိ - စိတ်ကြိုက်မြန်မာစာ
  နေ့လယ် ၁၁:၃၀နာရီမှ ၁၃:၀၀ထိ - ခေတ္တရပ်နားချိန်
  နေ့လယ် ၁၃:၀၀နာရီမှ ၁၄:၃၀ထိ - ပထဝီဝင်

- ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများ

မြန်မာ့အသံ

၂၆-၁-၂၀၀၅(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ မင်္ဂလာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (တောင်ဒဂုံစက်မှုဇုန်က ဆေးဝါးထုတ်လုပ်ရေးဆေးရုံ၊ ဟိုတယ်နှင့်စားသောက်ဆိုင်သုံး စတီးပစ္စည်းအမျိုးမျိုးထုတ်လုပ်မှု)

၁၁:၃၀ သောတရှင်အတွက်ပြန်ကြားချက်

၁၂:၀၀ မြန်မာ့အနုသဘင် (ဆရာကြီး ဦးဂုဏ်ဘဏ်)

၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး (အလုပ်စွမ်းရည်)

၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့ရိုးရာခြင်းပညာ-ဦးမင်းနိုင်)

ညနေပိုင်း

၁၇:၁၅ ဆွေးနွေးခန်း(ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း)

၁၇:၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ခနှသော်သီးသုတ်)

၁၇:၄၅ သူ့လက်သံလက်စွမ်းပြ (ရန်ကုန်တိုင်းမှ မောင်မင်းမင်းသိန်းနှင့်ရှမ်းပြည်နယ်မှ မောင်စိုင်းရဲလက်ဝင်းတို့၏ စောင်းလက်သံ)

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)ပိဋကတ်တော်လာ အေးငြိမ်းခြင်းနိဗ္ဗာန်နှင့် ရသစုံဆောင်းပါးများ (ဦးမောင်မောင်စိုးတင့်-အငြိမ်းစာသံအမတ်ကြီး)
(၂)သူလျှိုများနှင့် သူလျှိုလုပ်ငန်း (သောင်းထိုက် ဒုတိယဗိုလ်မှူးကြီး ဘာသာပြန်သည်)

၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (နာဆာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သော တွင်ကယ်၏ အပိုင်ရမှုပေးမယ် တေးစီးရီး)

တောင်ကြီးမြို့ ကတ္တရာလမ်းသစ်များဖွင့်လှစ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၄

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူပူးပေါင်း ဆောင်ရွက်ခဲ့သော မြို့တွင်းကတ္တရာလမ်းသစ်များဖြစ်သော စဝ်စံထွန်း ရပ်ကွက် မင်္ဂလာတဝဂူကျောင်းလမ်းနှင့်ရွှေတောင်ရပ်ကွက် ဒေါနလမ်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၉ရက် နံနက် ၈နာရီက သက်ဆိုင်ရာ လမ်းဖွင့်ပွဲမဏ္ဍပ်များတွင် ကျင်းပကြသည်။ (ယာပုံ)

တက်ရောက်

စဝ်စံထွန်းရပ်ကွက် မင်္ဂလာတဝဂူကျောင်းလမ်းအား နံနက် ၈နာရီ ၁၅မိနစ်တွင် အဆိုပါလမ်းထိပ်မှခ်ဦး၌လည်းကောင်း၊ ရွှေတောင်ရပ်ကွက် ဒေါနလမ်းအား နံနက် ၈နာရီ၄၅မိနစ်တွင် နဂါးပွက် ကျောင်းလမ်းနှင့် ဒေါနလမ်းထိပ်မုခ်ဦး၌လည်းကောင်း ကျင်းပပြုလုပ်ကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တပ်မတော်အရာရှိများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မီးသတ်၊ စစ်မှုထမ်းဟောင်း၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ပုဂ္ဂိုလ်များ၊ ရပ်ကွက်ပြည်သူလူထုများနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုစုပေါင်းအင်အား ၅၀၀၀ခန့် တက်ရောက်ကြသည်။

ကြည့်ရှုစစ်ဆေး

မင်္ဂလာတဝဂူကျောင်းလမ်းမှာ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် အဖွဲ့ ရန်ပုံငွေခွင့်ပြုငွေကျပ် ၃၀၀၆၀၀၀၊ *စာမျက်နှာ ၉ ကော်လံ ၄* ❒

ပုသိမ်-မြောင်းမြလမ်းပေါ်၌ ပမ္မဝတီတံတားတည်ဆောက်နေ တံတားပြီးစီးပါက မြောင်းမြ-ပုသိမ် ဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထွက်ခွာလာရာ ပုသိမ်-မြောင်းမြလမ်းပေါ်ရှိ ပမ္မဝတီမြစ်ကူးတံတား(မြင်းကဆိပ်) စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိ၍ စီမံကိန်းတာဝန်ခံအင်ဂျင်နီယာမှူးနှင့်အဖွဲ့က ကြိုဆိုကြသည်။

ဖြည့်ဆည်းပေး

စီမံကိန်းရှင်းလင်းဆောင်တွင် တံတားတည်ဆောက်ရေး တာဝန်ခံ အင်ဂျင်နီယာမှူး ဒေါ်စီသန်းက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက တာဝါတိုင် သံမဏိတိုင်များ ထုတ်လုပ်မှုကို အမြန်ဆောင်ရွက်ရန်နှင့် မြောင်းမြဘက်ကမ်း တာဝါတိုင်ထုတ်လုပ်ပြီးစီးသည့် သံမဏိတိုင်များကို တပ်ဆင်ရန် မှာကြားခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များကို ဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆောင်ရွက်

တံတား၏လုပ်ငန်းများတွင် မြောင်းမြဘက်ကမ်း၌ ကမ်းကပ်ခုံနှင့် ချဉ်းကပ်တိုင်ငါးတိုင် ရှိသည့်အနက် သုံးတိုင်မှာ ၁၀၀ရာခိုင်နှုန်းပြီးစီးပြီး ဆက်လက်ဆောင်ရွက်ဆဲဖြစ်သည်။

ပုသိမ်ဘက်ကမ်းတွင် တာဝါတိုင်၏ ဘိုးပိုင်ခြောက်လုံးရှိသည့်အနက် ငါးလုံးတူးပြီးစီး၍ ခြောက်လုံးမြောက်ကို တူးနေဆဲဖြစ်သည်။ ကြိုးထိန်းခုံတွင် ဘိုးပိုင်အလုံး ၂၀ရှိသည့်အနက် လေးလုံးတူးပြီး ဖြစ်သည်။ *စာမျက်နှာ ၁၃ ကော်လံ ၄* ■

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲစတင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၈)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၅)ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ စတင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း) တက်ရောက်ကြည့်ရှု အားပေးသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)သည် နံနက် ၁၁ နာရီခွဲတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ ရောက်ရှိလာရာ ဒါရိုက်တာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✻

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

❒ **"နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံ၏ အိုင်စီတီ ဖွံ့ဖြိုးတိုးတက်စေရန် ပုဂ္ဂလိကနှင့် ပြည်သူများအတွက် ထိရောက်သည့် ပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နိုင်ငံသားများအပိုင်းကလည်း အိုင်စီတီ ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်မြှင့်ပြီး ဆက်လက်ဆောင်ရွက်။"**

ခေါင်းကြီး (စာ-၂)

❒ **"ပိုလီယိုအကြောသေရောဂါကို လုံးဝပပျောက်အောင် ဆောင်ရွက်နိုင်သည့် နည်းဗျူဟာလေးရပ်ရှိပါသည်။ ၎င်းတို့မှာ ပုံမှန် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း၊ အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပခြင်း၊ လတ်တလောပျော့ခွေအကြောသေရောဂါ မျက်ခြည်မပြတ်လေ့လာစူးစမ်းခြင်းနှင့် အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယို ကာကွယ်ဆေး တိုက်ကျွေးခြင်းတို့ဖြစ်။"**

ဒေါက်တာသန်းထိန်ဝင်း၏ ဆောင်းပါး (စာ-၁၀)

ဘာလင်တိရစ္ဆာန်ဥယျာဉ်မှ ရေမြင်းပုကလေး

ဂျာမနီနိုင်ငံ ဘာလင်မြို့ တိရစ္ဆာန်ဥယျာဉ်မှ သီတင်း ရှစ်ပတ်သားအရွယ် ရေမြင်းပုကလေးတစ်ကောင် ရေကူးနေစဉ်။ **(အောက်ပုံ)**

အဆိုပါ ရေမြင်းပုကလေးကို ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်အတွင်း ရှစ်နှစ်အရွယ် မိခင် ရေမြင်းပုမကြီးတစ်ကောင်က လွန်ခဲ့သည့် သီတင်း ရှစ်ပတ်ခန့်က မွေးဖွားခဲ့ခြင်းဖြစ်ပြီး အလေးချိန် ကီလိုဂရမ် ၂၀ ခန့်ရှိကာ မျက်နှာသွင်ပြင် ထူးခြားသော ရေမြင်းပုကလေးဖြစ်ကြောင်း သိရသည်။

(ရိုက်တာ)

ကမ္ဘာတစ်လွှားထူးထူးခြားခြား

လွန်ခဲ့သည့်ဘီစီ ၉၀၀ခန့်က ရှေးဟောင်းအဆောက်အအုံ

အယ်ဆာဗေဒိုနိုင်ငံရှိ ရှေးဟောင်းအဆောက်အအုံ တစ်ခုကို သုတေသနပညာရှင်များ တူးဖော် လေ့လာနေကြစဉ်။ **(အပေါ်ပုံ)**

အဆိုပါ အဆောက်အအုံသည် အယ်ဆာဗေဒိုနိုင်ငံ ချာချူရာဗာမြို့ရှိ တာဇူမယ် ရှေးဟောင်းသုတေသနဆိုင်ရာ ဥယျာဉ်တစ်ခုအတွင်းတည်ရှိသည်။ ယင်းအဆောက်အအုံသည် လွန်ခဲ့သည့် ဘီစီ ၉၀၀ခန့်က တည်ရှိခဲ့သည့် အဆောက်အအုံဖြစ်ပြီး လေ့လာတူးဖော်ခြင်းဖြင့် ထိုခေတ်က မက္ကဆီကိုနိုင်ငံမှ ရောက်ရှိလာသည့် ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများကို ရှာဖွေသိရှိနိုင်မည်ဖြစ်ကြောင်း ရှေးဟောင်း သုတေသန ပညာရှင်များက ပြောဆိုသည်။ **(ရိုက်တာ)**